စိတ်ကူးချိုချိုအနုပညာ


# အောက်မေ့ဖွယ်
# ဟာသဝတ္ထုများ
# (၈)



mgyoe.com

# အောက်မေ့ဖွယ်
# ဟာသဝတ္ထုများ
# (၈)

အောင်ဗလ၊ ရန်အောင်၊
ဖေသိန်း၊ သော်တာဆွေ၊
အီကြာကွေး၊ ဇင်အောင်၊
သာကဒိုး၊ ကိုကိုကြီး။



kls0088
2700.00 Ks

mgyoe.com

mgyoe.com

အောက်မေ့ဖွယ်ဟာသဝတ္ထုများ(၈)၊ အောင်ဗလ
မျက်နှာဖုံး - ပိုသံ၊ စာမျက်နှာ ၂၄၆ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညီ၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# အောက်မေ့ဖွယ် ဟာသဝတ္ထုများ(၈)

အောင်ဗလ၊ ရန်အောင်၊ ဖေသိန်း၊၊
သော်တာဆွေ၊ သာကဒိုး၊၊ အီကြာကွေး၊
ဇင်အောင်၊ ကိုကိုကြီး။

ပထမအကြိမ်၊ ၂၀၁၅

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ဘိလပ်သူကို မွေးနည်း (အောင်ဗလ) ၁
၂။ ရှေးခေတ်ဟောင်းအောက်မေ့သူ (ရန်အောင်) ၁၂
၃။ တစ်ကျွန်းပြန် (ဖေသိန်း) ၂၈
၄။ ကောလိပ်စိန် (သော်တာဆွေ) ၃၅
၅။ ရွှေစွန်ညိုကြယ်ပေလို့ပေါ့ (အိကြာကွေး) ၄၇
၆။ တစ်အိမ်လုံးပါ့ အုန်းကျက်ဆူကာ (ဇင်အောင်) ၅၆
၇။ မော်စီတုန်းက သန်းဆွေသို့ (သာကဒိုး) ၇၁
၈။ သုံးရပ်ပညာ (ကိုကိုကြီး) ၈၆
၉။ ကမြင်းမ မိပန်း (အောင်ဗလ) ၉၉
၁၀။ ကြုံချင်သလား မင်းသမီးသစ် (ဇာတ်ဆရာသာကဒိုး) ၁၀၅
၁၁။ ကြက်နဲ့ဘဲ (သော်တာဆွေ) ၁၁၄
၁၂။ ခင်ကြက်သွန်တို့ လေကြီးမိုးကြီး (သာကဒိုး) ၁၂၈
၁၃။ မှိုင်းမိသူ (သော်တာဆွေ) ၁၄၂
၁၄။ ဂြိုဟ်မင်းတို့မောင့်ကိုမွေ (ဇင်အောင်) ၁၉၉
၁၅။ ကျွန်တော်၏ နှောင်ချိုသူ (သော်တာဆွေ) ၂၂၁




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဘိလပ်သူကို မွေးနည်း

အောင်ပလ

သီတင်းကျွတ်တော့မည်၊
သီတင်းကျွတ်တော့မည်. . . .
ဆီမီးရောင်ရှိန်ထိန်ဝါလင်း. . . .
သီတင်းကျွတ်တော့မည်–။ ။

အောင်ဗလတစ်ယောက်သည် သီတင်းကျွတ်လုလု ရာသီရောက်ချိန်တွင် ဤသီချင်းပိုဒ်ကလေးကို အဖန်တလဲလဲ ရွတ်ဖတ်သီဆိုလေ့ရှိ၏။

ထိုသီချင်းကို သီဆိုတိုင်း သီဆိုတိုင်း သူ၏ဇနီး မရွှေချောက အောင်ဗလအား နှုတ်ခမ်းစူခြင်း၊ ကျောထုခြင်း၊ လိမ်ဆွဲခြင်း စသည်တို့ဖြင့် ရန်သတ္တရုပြုလေ့ရှိ၏။

အဘယ့်ကြောင့်ဟူမူ တစ်ခုသော သီတင်းကျွတ်ကို အောင်ဗလက သတိရ တမ်းတသည်ဟု မရွှေချောက ယူဆပြီး မိန်းမပီပီ ဝန်တိုမိစ္ဆာဖြစ်ရှာ၍ပင်။

အမှန်စင်စစ် အောင်ဗလတစ်ယောက်ကလည်း ယောကျ်ားပီပီပင် တစ်ခုသော သီတင်းကျွတ်တွင် တစ်ခုသော မာတုဂါမကလေးနှင့် တစ်ခု

mgyoe.com

mgyoe.com
သောအမှုဖြစ်ခဲ့ဖူးပါသည်။ ၎င်းအဖြစ်ကလေးကို တစ်ခါတစ်ခါ သတိရတတ်ပါသည်။

ယခုလည်း သီတင်းကျွတ်လုလု အချိန်တွင် သတိရပြန်ပြီ။

*

အဖားကောင်းသူ အောင်ဗလတစ်ယောက်သည် တစ်ခုသောနှစ်က မစ်ရှင်တစ်ခုနှင့်ကပ်၍ ဥရောပသို့ လိုက်ပါသွားခဲ့ရသည်။

အင်္ဂလန်ပြည်တွင် တစ်လခွဲခန့် သောင်တင်ခဲ့သည်။

ထိုစဉ်က ရုပ်ရည်လှပတင့်တယ်သည့် ရှုချင်စဖွယ်ရှိသော သူကလေးကိုတွေ့ခဲ့ပါသည်။ ဘိလပ်သူပျိုဖြူတို့သည် များသောအားဖြင့် အားလုံးလိုလိုလှပကြပါသည်။ သို့သော် အသားဖြူ မြင်းတစ်ပြေး၊ အသားညို လက်တစ်ကမ်း. . . ဟူသော စကားပုံအတိုင်း အဝေးကြည့် ကြည့်လျှင်သာအကြည့်ခံသည်၊ လှသည်။ အနီးကပ်ကြည့်ပါက မြန်မာမျက်စိတွင် အသားအရည်မှစ၍ ကြမ်းတမ်းခက်တရော်ရှိသည်။ ယခုတွေ့ရှိသူကလေးမှာ ဘိလပ်သူတိုင်းနှင့်မတူ တစ်မူထူးသည်။

နုသားတော် ဝါဝါညက်ကယ်နဲ့

ရှုစားတော် ခါခါမကပ်ပါတဲ့၊

ကလျာသက်ကယ်တဲ့ လှမျက်မှန်၊

သွင်တစ်နည်း . . .ဆင်ကွဲပိုကရိုမို့. . .။

. . .ဟူသော တေးသွားကဲ့သို့ သူကလေးသည် အခြားဘိလပ်သူတို့နှင့်အဆင်ကွဲသည်၊ အသွင်ကွဲသည်။ နုသားတော် ဝါဝါကလေးက နုညက်လှသည်၊ မျက်ခုံးကထူသည်၊ မျက်လုံးက ကြည်သည်၊ နှုတ်ခမ်းကလေးက ရယ်လို့။ ကိုယ်လုံးကိုယ်ပေါက်မှာလည်း ထောင်ထောင်မောင်းမောင်း မဟုတ်ဘဲ မနိမ့်မမြင့်၊ မဆူမကြုံ သင့်ရုံကလေးရှိသည်။

သူကလေးကို တွေ့ချိန်က အောင်ဗလသည် အချစ်သဘောတရားကို စေ့စေ့တွေးကာ ငေးနေချိန်ဖြစ်သည်။ သူကလေးကလည်း ချစ်ရည်တွေရွှမ်းလို့။

စကားတွေ လွန်ကုန်ပြီ။ စာတွေ ကျွံကုန်ပြီ။ ရှင်းဦးမှတော်ချေမည်။

အင်္ဂလန်ပြည် အဗွန်မြစ်ကလေးပေါ်တွင် စထရပ်ဖို့ ခေါ်သည့် မြို့
mgyoe.com

mgyoe.com


ကလေးတစ်မြို့ရှိသည်။ ထိုမြို့ကလေးတွင် တစ်ကမ္ဘာလုံး ကျော်ကြား ထင်ရှားသော ကဗျာကဝေ၊ စာပေ ဘီလူးကြီး ရှိတ်စပီးယားကို ဖွားမြင်ခဲ့သည်။ ထိုမြို့ကလေးတွင် ရှိတ်စပီးယားနေသောအိမ်၊ ရှိတ်စပီးယား ကတော်၏အိမ်၊ ရှိတ်စပီးယားဖွားရာ ခုတင်၊ ရေနွေးအိုးမှ စကာ မီးညှပ်အထိ သိုမှီးစုဆောင်းထားသည့် ပြတိုက်ရှိသည်။

၎င်းပြင် ရှိတ်စပီးယားကို ဂုဏ်ပြုသောအားဖြင့် ရှိတ်စပီးယားပြဇာတ်ရုံကြီးကိုလည်း တည်ဆောက်ထားသည်။ ရှိတ်စပီးယားပြဇာတ်ရုံကြီး တွင် ရှိတ်စပီးယား၏ပြဇာတ်များကိုသာ ပြသသည်။

ထိုနေ့ . . . မှတ်မှတ်ရရ . . . ၁၉၅ . . . ခု အောက်တိုဘာလ. . . ရက်နေ့က ရှိတ်စပီးယားပြဇာတ်ရုံကြီး၌ ရိုမီယိုနှင့် ဂျူလီးယက် ပြဇာတ်ကို ပြနေသည်။

ကမ္ဘာ့အကြီးဆုံးအချစ်ဝတ္ထု၊ ကမ္ဘာ၏အချစ်ဆုံးချစ်မောင်နှံအဖြစ် အသိအမှတ်ပြုကြသော ပြဇာတ်ကြီးမှ ရိုမီယိုနှင့် ဂျူလီးယက်သမီးရည်းစားတို့သည် နှစ်ဖက်မိဘဆွေမျိုးတို့ ရန်ငြိုးသိုသဖြင့် ရှင်စဉ်ကမပေါင်းရဘဲ သေစဉ်မှပေါင်းရသည့် ချစ်ဋ္ဌီကာပြဇာတ်ကြီးကို ရှိတ်စပီးယား၏ ပြဇာတ်ကိုသာ ကပြသည့် အင်္ဂလန်ပြည်၏ အကျော်ဆုံးကချေသည်တို့ ကချစ်သရုပ်ပြသွားသည်မှာ ပွဲကြည့်ပရိသတ်အားလုံးတို့သည် ပြဇာတ်ပြီးသောအခါ၌ ချစ်ဘဝဆုံးသူ မောင်နှံအတွက် မချိသောအသည်းနှလုံးဖြင့် ရုံထဲမှထွက်ခဲ့ကြသည်။

ပွဲကြည့်ပရိသတ် တစ်ဦးဖြစ်သူ အောင်ဗလတစ်ယောက်လည်း အချစ်၏လေးနက်ပုံကို တစိမ့်စိမ့်တွေးရင်း ရုံထဲမှ ထွက်လာခဲ့သည်။

ခေါင်းငိုက်စိုက်နှင့် ထွက်လာခဲ့ရာမှ တစ်ခုသောကွေ့တွင် တစ်စုံတစ်ယောက်နှင့် အွန့်ခနဲ တိုက်မိကြသည်။

ထိုတစ်စုံတစ်ယောက်မှာ . . .(မိတ်ဆွေတို့တွေးမိသည့်အတိုင်း)စောစောက ကျွန်တော်ပြောခဲ့သည့် ကောင်မကလေးဖြစ်ပါသည်။

သူကလေးလည်း ပြဇာတ်ရုံထဲက ထွက်လာသည်မို့ အချစ်ရည်ရွှမ်းလို့။

သူကလေးသည် . . . ရုပ်ရည်ချောမော . . .လှ. . .(အို စောစောက ရေးခဲ့တဲ့အလှဘွဲ့ စာပိုဒ်ကိုပဲပြန်ဖတ်ပါတော့။)

mgyoe.com

mgyoe.com

"ဝမ်းနည်းပါတယ် . . ."

"ကျွန်မက ဝမ်းနည်းပါတယ်။ ကျွန်မအပြစ်ပါ"

"မဟုတ်ပါဘူး ကျွန်တော့်အပြစ်ပါ။ ပြဇာတ်က ကောင်းလွန်းလို့ ခေါင်းငိုက်စိုက်လျှောက်လာမိလို့ပါ"

"ကျွန်မအပြစ်ပါ၊ ကျွန်မကိုက ငေးမိငေးရာ ငေးလာမိတာကို: . ."

"မဟုတ်ပါဘူး၊ ကျွန်တော့်အပြစ်ပါ"

ဒီလောက်လှတဲ့ ကောင်မကလေးကို အဘယ်မှာ အပြစ်ဖို့နိုင်အံ့နည်း။ အောင်ဗလနှင့် သူကလေးတို့ပြစ်မှုလုပ်ပွဲ ကျင်းပနေစဉ် သူကလေး၏အဖော်က သူကလေးကိုခေါ်သွားသည်။ အောင်ဗလ၏မိတ်ဆွေက အောင်ဗလကိုဆွဲသွားသည်။ သို့ဖြင့် လယ်ဝင် ဖင်မမည်းခင်က ကွဲသွားကြသည်။

တော်ပါသေးသည် ဇာတ်လမ်းက ရပ်တန်းက မရပ်ဘဲ ဆက်လက်ဖြစ်ပွားသေးသည်။

*

ပြဇာတ်ရုံမှ ထွက်ခဲ့ပြီးနောက် စထရပ်မြို့စွန် တစ်မိုင်ကွာခန့်တွင်ရှိသော ရှိတ်စပီးယား၏ ဇနီး အင်ဟတ်တာဝေး၏အိမ်ကလေးကို သွားရောက်ကြည့်သည်။

သက်ငယ်မိုးနှင့် ကုပ်ကုပ်ကလေးဆောက်ထားသော အိမ်ကလေးသည် သေးငယ်သော်လည်း အင်္ဂလန်ပြည်တွင် အကျော်ကြားဆုံး အဆောက်အဦတစ်ခုဖြစ်သည်။

ရှိတ်စပီးယား၏စာပေကြောင့် ရှိတ်စပီးယား၏ချစ်ကိစ္စ စတင်ရာအိမ်ကလေးဖြစ်သဖြင့်သာ ထင်ရှားကျော်ကြားခြင်းမဟုတ်၊ အိမ်ပုံစံကလေးနှင့် လှပသော ပန်းခြံကလေး၊ ယာခင်းကလေးတို့သည် များစွာသာယာလှသဖြင့်လည်း ကျော်ကြားသည်။

အိမ်ကလေးသို့ရောက်သောအခါ အောင်ဗလ၏ မိတ်ဆွေသည် အခြားအိမ်လာကြည့်သူခရီးသည်များနှင့်အတူ လမ်းပြဧည့်ကြိုဖြစ်သူခေါ်ဆောင်သွားရာသို့လိုက်သွား၏။

အောင်ဗလသည်မူ အိမ်ကလေးထက် ပန်းခြံကလေးက ပို၍ကြည်နူးဖွယ်ကောင်းနေပြီး ပြဇာတ်ထဲက ချစ်သူရဲကောင်းမကလေးနှင့် ပြဇာတ်ရုံ

mgyoe.com

mgyee.com
ပြင်ဘက်တွင် တွေ့သော ချစ်စရာကောင်မကလေးအကြောင်းကို တွေး လိုသဖြင့် ပန်းခြံထောင့်မှ တစ်ခုသော သစ်တော်သီးပင် တစ်ပင်အောက်သို့ သွားရောက်ထိုင်ကာ ငေးမောကာနေမိသည်။

"ဟော တွေ့ကြပြန်ပြီ"

"ဟော တွေ့ကြပြန်ပြီ"

ကောင်မလေးသည် အောင်ဗလရှိရာ သစ်တော်ပင်ကလေးအောက်သို့ ရောက်လာသည်။

"ကျွန်မ အင်ဟတ်တာဝေးရဲ့ တဲကုပ် ပြတင်းပေါက်က ပန်းခြံဘက် ကိုလှမ်းကြည့်တော့ ရှင့်ကိုမြင်တာနဲ့ တမင်ထွက်လာခဲ့တာ"

အလို . . .သူက အောင်ဗလဆီ လာတာဆိုပါလား။

"ဒါထက် ရှင်က ရှင်က"

"ကျွန်တော် မြန်မာပါ"

အောင်ဗလသည် မိန်းမချောကလေးများနှင့် စကားလက်ဆုံကျရခြင်း ကို ကြည်နူးပျော်မွေ့သူဖြစ်သည်။ မိန်းမချောကလေးများနှင့် စကား ပြောရာတွင် လေရှည်တတ်သည်။ သူကလေးက မေးသည်ကိုသာမက ဆက်၍ ရှည်လျားစွာဖြေသည်။

"ကျွန်တော့်နာမည်က အောင်ဗလတဲ့။ မြန်မာပြည်ဆိုတာ တစ်ခါက ခင်ဗျားတို့ ဗြိတိသျှအင်ပိုင်ရာအတွင်းက ကိုလိုနီကျွန်နိုင်ငံတစ်ခုပေါ့။ ၁၉၄၈ ခုနှစ်ကမှ လွတ်လပ်ရေးရတာ။ ကမ္ဘာပေါ်မှာ ချမ်းသာကြွယ်ဝတဲ့ နိုင်ငံကလေးတစ်ခုပေါ့။ ရွှေထွက်တယ်၊ ဆန်ထွက်တယ်၊ ရေနံထွက်တယ်။ ကျွန်းသစ်ဆိုရင် မြန်မာ့ကျွန်းသစ်ဟာ ကမ္ဘာပေါ်မယ် အကောင်းဆုံး၊ ပတ္တမြားဆိုတဲ့ ရတနာတွင်းဟာ ကမ္ဘာပေါ်မှာ မြန်မာတစ်ပြည်တည်းမှာပဲရှိ တယ်"

စသည်ဖြင့် စသည်ဖြင့် အောင်ဗလ မြန်မာပြည်ကြီးသာယာပုံကို ပြော ပြသည်။

"ကျွန်မနာမည်က ရုတဲ့၊ ရုရပ်ဆဲပါ"

အောင်ဗလက မမေးမိသော်လည်း ယဉ်ကျေးသော သူတို့ဓလေ့အရ သူကလေးက နာမည်ကိုပြောသည်။

"ရု အင်း. . . နာမည်ကလေးကိုက ချစ်စရာ။ မြန်မာလို ခေါ်ရ၊ ရေးရရင်
mgyee.com

mgyoe.com
ယုလို့ခေါ်ရမှာပေါ့။ ယုဆိုတာ မြန်မာလို ယုဝတီ၊ ယုဝဆိုတော့ နုပျိုခြင်းကို တင်စားတဲ့အမည်ပေါ့"

"ဒါထက် မစ္စတာ အောင်ဗလ၊ အို . . . ရှင့်ကိုခေါ်ရတာက ရှည်ပါတယ်၊ ဘယ်နာမည်က ဘယ်လိုလဲ။ ရှင့်ကို ဘယ်လိုခေါ်ရရင် ကောင်းမလဲ။ မစ္စတာ လ လို့ ခေါ်ရမလား"

"နိုး. . .နိုး. . .နိုး နိုး၊ မစ္စတာလဆိုတဲ့ နာမည်က မြန်မာလိုအသံထွက်မကောင်းဘူး။ မစ္စတာ အောင်လို့ ခေါ်ချင်ခေါ်၊ ဒီထက်ကောင်းတဲ့ နာမည်ကတော့ မစ္စတာတွေ ဘာတွေမထည့်ဘဲ ကိုကိုလို့ ခေါ်လိုက်ရင် ပြီးတာပဲ"

ယုသည် အောင်ဗလ၏နာမည်ကို သဘောကျလွန်း၍လော မသိ၊ ပြုံးနေသည်။

"ကိုကိုဆိုတာ အောင်ရယ်၊ ဗရယ်၊ လရယ်ဆိုတဲ့ ရှင့်နာမည်ထဲ မပါပါလား"

"ကိုကို ဆိုတာက ယောကျ်ားကလေးနဲ့ မိန်းကလေးမိတ်ဆွေချင်း မှ ခေါ်တာပါ"

"ကိုကို. . .ကိုကို။ ဒါဖြင့်လည်း ရှင့်ကို ကိုကိုလို့ ခေါ်ရတာပေါ့လေ"

"ကိုကိုရယ် . . .ဒါထက် ရှင်ဘယ်မှာတည်းသလဲ"

"လီမင်တန် တာမိုင်းနားဟောက်စ် ဟိုတယ်မှာ တည်းတယ်"

"ကိုကိုက တော်တော်ပိုက်ဆံပေါတဲ့ခရီးသည်မို့ လာပြီးဒိမ်ခံနိုင်တာပေါ့"

လီမင်တန်မြို့ကလေးမှာ လန်ဒန်မြို့နှင့် ၉၈ မိုင်ကွာ၊ ရှိတ်စပီးယား၏ စထရပ်ဖို့မြို့နှင့် မိုင် ၁၀ မိုင်ကွာတွင်ရှိသည်။ ရေပူစမ်းရှိသဖြင့် အင်္ဂလန်ပြည်၌ ကျော်ကြားသည်။ သူဌေး သူကြွယ်တို့ အနားယူခြင်း၊ မကျန်းမာသူတို့ ရေပူစိမ်ခြင်းပြုရန်လာရောက်ကြသော မြို့ကလေးဖြစ်သည်။ တော်ဝင်မြို့ဟုလည်း ၁၈၃၈ ခုနှစ်က စပြီး ရွှေနန်းတော်က သတ်မှတ်ထားသည့်မြို့ကလေးဖြစ်သည်။ ဟိုတယ်တို့က အစားအသောက်ကောင်းလှသည်ဟုကျော်ကြားရာတွင် အောင်ဗလတည်းခိုသော မိုင်းနားဟောက်စ်ဟိုတယ်က ပို၍ကျော်ကြားသည်။ ထိုဟိုတယ်သည် ရှေးခေတ်ကပင် ကျော်ကြားခဲ့ပြီး ဝါးဝစ်ရှဲယား ပြည်နယ်မှ ရာဇဝင်လုပ်ကြံမှုကြီး တစ်ခုကို ဤဟိုတယ်မှစခဲ့ရာ ထိုစဉ်က ဟိုတယ်၌တည်းခိုသော မင်းညီ
mgyoe.com

mgyoe.com
မင်းသားများ၏အမည်များ အခန်းအချို့တို့၌ရှိဖူးသည်။ မိုင်းနားဟောက်စ် ဟိုတယ်မှာ တင်းနစ်ရိုက်သောကွင်းသည် ကမ္ဘာပေါ်တွင် ပထမဆုံး တင်းနစ်ရိုက်သောကွင်းဖြစ်သည်။ ဝိတိုရိယဘုရင်မကြီးသည် ဤ ဟိုတယ် မှ တင်းနစ်ကွင်းတွင် တင်းနစ်ရိုက်သည်။ ကမ္ဘာ၏ပထမဆုံးတင်းနစ်ရိုက် အသင်းကို ၁၈၇၂ ခုနှစ်က ဤဟိုတယ်၌ ပထမဆုံးဖွဲ့ခဲ့သည်။

လီမင်တန်မြို့သို့သွား၍ ဖိမ်ခံနိုင်ရန်၊ ဤဟိုတယ်တွင် တည်းခိုနိုင်ရန်မှာ ငွေကြေးကြွယ်ဝမှသာ တတ်နိုင်သဖြင့် ယုက အောင်ဗလကို အထင်ကြီးသွား ဟန်တူသည်။

အောင်ဗလလည်း ယောက်ျားကောင်း ယောက်ျားမြတ်တို့၏ဓလေ့ အတိုင်း အထင်ကြီးသည်ထက်ပိုကြီးစေရန် သူ့ကိုယ်သူ သန်းကြွယ်သူဌေး ကြီး ဘိလပ်သို့ ဖိမ်ခံလာသည့်အလား ခပ်ကြွားကြွားပြောသည်။

"နို့ ယုကကော ဘယ်မှာနေသလဲ"

"ယုလည်း လီမင်တန်မှာပါပဲ။ ဒါပေမဲ့ ကိုကိုတို့လို ဈေးကြီးတဲ့ ဟိုတယ်မှာ မတည်းနိုင်ပါဘူး။ ဆင်းရဲသားပီပီ တည်းခိုခန်းတစ်ခုမှာ တည်းပါတယ်။ ယုက ဘစ္စတိုလ်က လာတာပါ"

မိန်းမပီပီ ယုက ခနဲ့လိုက်သေးသည်။

ထို့နောက် အောင်ဗလနှင့် ယုတို့သည် ထိုထိုဤဤပြောကြရင်း အလွန်းသင့် ရင်းနှီးသွားကြကာ စောစောက ပြောခဲ့သည့်အတိုင်း အောင် ဗလကပို၍ စကားကြွယ်နေသဖြင့် ယုအကြောင်းကို များများ မသိလိုက် ဘဲ အောင်ဗလကသာ မြန်မာပြည်အကြောင်းနှင့် သူ့အကြောင်းကို စုံစုံစေ့စေ့ (မရွှေချောရှိသည်ဆိုသည့် အချက်မှအပ)ပြောပြမိသည်။

ယုနှင့် အောင်ဗလတို့တွဲဖက်မိသွားပြီး အင်ဟာတ်တာဝေး၏အိမ်မှ ရှိတ်စပီးယား၏အိမ်သို့ သွားကြည့်ကြသည်။

ရှိတ်စပီးယား၏အိမ်နှင့် မျက်နှာချင်းဆိုင်တွင်ရှိပြီး ရှိတ်စပီးယားသေ ပြီး ၂၄ နှစ်ကြာ ၁၆၄၀ ခုနှစ်က စတင်တည်ထောင်သော နာမည်ကျော် ဖော်လ်ကွန်ဟိုတယ်တွင် နေ့လယ်စာအတူ စားကြသည်။

အဖွန်မြစ်ကလေးထဲတွင် စုန်ချည် ဆန်ချည် ခုတ်မောင်းသော အပျော် စီးမော်တော်ဘုတ်ကလေးစီးကာ လည်ကြသည်။

စထရက်ဖို့မှအပြန် ရာဇဝင်၌ ထင်ရှားသော ဝါးစစ်ရဲတိုက်သို့ သွား၍
mgyoe.com

mgyoe.com
ကြည့်ကြသည်။

ကြည်နူးဖွယ်ပါပေ။

*

နောက်တစ်နေ့ . . .

အောင်ဗလ ယုကို ညစာကျွေးပါရစေဟု ချိန်းဆိုထားသည်။

ညစာ စားပြီးက ဂျက်ဖ်ဆွမ်ဥယျာဉ်သို့သွားကာ ပွဲကြည့်ကြမည်။

အောင်ဗလသည် ညနေ ၆ နာရီခွဲခန့်တွင် ယုတည်းခိုရာ တည်းခိုခန်း (နံနက်စာနှင့် အိပ်ရာသာ ပေး၏) သို့သွားကာ ယုကိုခေါ်ပြီး ကြီးကျယ်ခမ်းနားသော အောင်ဗလတည်းခိုရာဟိုတယ်၌ ကောင်းမွန်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် တည်ခင်းပြုစုသည်။

ညဥ့် ၉ နာရီခန့်တွင်မှ ပန်းခြံဆီသို့ ထွက်ခဲ့သည်။

လီမင်တန်မြို့၏မီးထွန်းပွဲမှာ မြန်မာပြည်၏ သီတင်းကျွတ်ကဲ့သို့ပင်–ဖြူ၊ ပြာ၊ နီ၊ ဝါ၊ စိမ်း မီးပုံးများကို ဂျက်ဖ်ဆွမ် ပန်းခြံတစ်ခုလုံးနေရာမလပ် ထွန်းညှိထားသည်။ မြို့သူမြို့သားများ၊ ကလေးသူငယ်များ၊ အပျိုလူပျိုစုံတွဲများတို့သည် ဝတ်ကောင်းစားလှနှင့် ဟိုမှသည် မြူးထူးလှည့်လည်ကြည့်ရှုကြသည်။ စားစရာဆိုင်များ ရှိသည်။ စုံတွဲကရန် ကပွဲခင်းရှိသည်။ ကလေးသူငယ်တို့မြူးထူးရန် ချားရဟတ်စသော ကစားကွင်းရှိသည်။

တစ်နေရာ မြက်ခင်းပြင်တွင် မီးရှူးမီးပန်းများ ဖောက်ရှို့နေကြသည်။ ပန်းခြံတစ်ခုလုံး တောက်ပနေတော့သည်။

အောင်ဗလနှင့် ယုတို့သည် ညဥ့်စာ စားပြီးစ ဗိုက်လေးလေး ရှိသဖြင့် ပန်းခြံတွင်းသို့ ဖြတ်သန်းစီးဆင်းသည့် ချောင်းကလေးအတွင်းသို့ လှေငယ်တစ်စင်းငှားကာ ရေကြောင်းအတိုင်း မျှောလိုက်ကြသည်။

လှေငယ်ကလေး၏ ဦးပေါ်တွင် မီးပုံးစိမ်းစိမ်းကလေး ထွန်းထားသည်။ ဥယျာဉ်တစ်ခုလုံးမှ မီးရောင်စုံကလည်း ဝင်းဝင်းလက်လက်နှင့်ရှိသည်။

သီတင်းကျွတ်လပြည့်လုလု လမင်းကြီးကလည်း ကြည်လှဘိသည်။

ကပွဲဆီမှ လွင့်လာသော ဂီတကလည်း ငြိမ့်ညောင်းသည်။

ထိုပတ်ဝန်းကျင်ကြောင့် အောင်ဗလ၏ဘေးမှ ယုကလေးသည် လှသည်ထက်ပို၍ လှနေသည်။

ယုသည် ပတ်ဝန်းကျင်၏သာယာမှုကို ယစ်မူးနေရှာသည်။ မျက်ခုံး
mgyoe.com

mgyee.com
ထူကလေးအောက်မှ မျက်လုံးကလေးကို မေးထားရာ မျက်တောင်ကလေး ကကော့နေသည်။ နှုတ်ခမ်းကလေးက နီတျာတျာရဲနေပြီး ပါးအို့ ကလေးများကလည်း နှင်းဆီပန်းနုနုကလေး၏ ရွက်ဖတ်ကလေးများကဲ့ သို့...။

အောင်ဗလသည် ယု၏အလှကို ကသိဏ်းရှုရာမှ ဖောက်ပြန်လာ တော့သည်။

"တို့ဆီမှာလည်း သီတင်းကျွတ်ပွဲဆိုတာ ရှိတယ်။ မီးထွန်းပွဲက ဒီက မီးထွန်းပွဲအတိုင်းပဲ၊ သိပ်ပြီးပျော်စရာကောင်းတာပဲ။ နှစ်စဉ်သီတင်းကျွတ် လပြည့်နေ့တိုင်းကျင်းပတယ်။ ငါတို့ရဲ့ ဘုရားရှင်ဂေါတမ ကောင်းကင် တက်ပြီး တရားဟောရာက အပြန်မှာ နတ်သိကြားတို့က မီးပန်းမီးရှူးတွေ နဲ့ ကြိုဆိုတဲ့အထိမ်းအမှတ်နဲ့ ထွန်းတဲ့ ဘာသာရေးမီးထွန်းပွဲပေါ့"

"သြော်" ဟု မပွင့်တပွင့်ပြောကာ နားထောင်သည်။

"အဲဒီ မီးထွန်းပွဲမှာ အပျိုနဲ့ လူပျို မွေးကြရတယ်"

"ဘာတယ်၊ ကိုကိုက စောစောကပြောတုန်းက ဘာသာရေးပွဲတော်ဆို"

ယုသည် မျက်လုံးပြူးသွားသည်။

"ဟုတ်ပါတယ်၊ ဘာသာရေးကိုက မွေးရတဲ့ ဘာသာရေး။ တို့ဆီမှာ ဇူလိုင်လလယ်လောက်က အောက်တိုဘာလလယ်လောက်အထိ သုံးလကို ဝါတွင်းသုံးလလို့ ခေါ်တယ်။ မိုးလည်းရွာတယ်။ အဲဒီ မိုးရွာတဲ့သုံးလ အတွင်းမှာ ရဟန်းသံဃာတော်တို့ တစ်မြို့နဲ့တစ်မြို့ရွှေ့ပြောင်းခြင်း၊ လူသားတို့ အိမ်ထောင်ပြုခြင်းမလုပ်ရဘူး။ ဘာသာရေးကို အားထုတ်ကြ ရတယ်။ သီတင်းကျွတ်မှ ရဟန်းတို့လည်း သွားလိုရာသွား၊ လူတွေလည်း အိမ်ထောင်ပြုနိုင်တယ်။ ဒါကြောင့် သီတင်းကျွတ်ကို အပျိုလူပျို တို့ရဲ့ ပွဲတော်လို့လည်း ခေါ်တယ်"

"သြော် ဒီလိုကိုး"

ယုက မယုံသလို ယုံသလို ပြုံးဖြီးဖြီးလုပ်နေပြန်သည်။

"အဲဒီ အပျို လူပျိုတို့ရဲ့ပွဲတော်မှာ အပျိုက လူပျိုကို နမ်းရတယ်"

"ဟင် ကြောက်စရာကြီးပါလား"

"ကြောက်စရာ မဟုတ်ပါဘူး၊ မင်းတို့ အင်္ဂလိပ်တွေလည်း နှစ်သစ်ကူး ပွဲ၊ နှစ်သစ်ကူးချိန် ညဥ့်သန်းခေါင်တိတိမှ နမ်းကြရတယ် မဟုတ်လား။
mgyee.com

mgyoe.com
တို့ဆီကတော့ ညဥ့်သန်းခေါင် မဟုတ်ဘူး။ ညဥ့်ဆယ်နာရီတိတိ မီးထွန်းပွဲမှာ အပျိုနဲ့လူပျိုနှမ်းကြရတယ်"

"ဆယ်နာရီဆိုတော့ စကောစကကြီး"

ယုက ပြောင်စပ်စပ်နှင့် မှတ်ချက်ချသည်။ မ အတွက်ဆိုလျှင် ဗုဒ္ဓဝင်ကိုပင် ဖျက်ဝံ့သူ အောင်ဗလက သူထင်ရာ သူလျှောက်၍ပြောသည်။

"ဆယ်နာရီမှာ တို့ဘုရားက နတ်ပြည်က လူ့ပြည်ကိုပြန်ရောက်တာကွ။ ဒါထက် . . .ဒါထက်၊ အခု ငါ့အဖို့ သီတင်းကျွတ်လလည်းဖြစ်တယ်၊ မီးထွန်းပွဲနဲ့လည်းကြုံတယ်ဆိုတော့ မြန်မာပြည်ကိုသိပ်လွမ်းတာပဲ။ မြန်မာပြည်မှာသာဆိုရင် ဒီလို မီးပွဲမျိုးဆိုရင် မြန်မာမချောချောကလေးတွေ အများကြီး အများကြီး"

"ငါမွေးရမှာလို့ ရှင်က ဆိုလိုတာမဟုတ်လား"

ယုက သွက်လက်ရဲတင်းစွာပင် ဝင်၍ထောက်လိုက်သည်။

ထိုအချိန်တွင် ရုပ်ရှင်ထဲမှာကဲ့သို့ အချိန်ကိုက်ပင် နာရီစင်တစ်ခုမှ နာရီကြီးကလည်း ခေါင်းလောင်းသံ ဆယ်ချက်ပေးလိုက်သည်။

"ဟော ဆယ်နာရီလည်း ထိုးသွားပြီ။ ကဲပါလေ၊ ကိုကိုမွေးချင်ရင် ကျွန်မကိုပဲ မြန်မာမကလေး အမှတ်နှင့် မွေးပါတော့"

ယုက ခစ်ခနဲ ရယ်ပြီးမှ မျက်စိစုံမှိတ်ကာ သူ့ပါးကလေးကို ထိုးပေးလာသည်။

သူကောင့်သား အောင်ဗလတစ်ယောက်၏ကောင်းမှုဖြင့်

**နုညက်ပါးအို့**
**ပန်းရောင်မို့သည်**
**သွေးစို့ခမန်းဖြစ်ရှာသည်။**

*

နောက်တစ်နေ့-

အောင်ဗလ အိပ်ရာမှမထမီ ဟိုတယ်အစေခံတို့က အခန်းတံခါးအောက်မှ သတင်းစာများ ထိုးသွင်းသွားလေ့ရှိရာ သတင်းစာတို့ထဲတွင် စာတစ်စောင်ပါလာသည်။

ဘယ်သူ့စာပါလိမ့်ဟု အမှတ်မထင် ဖောက်မိရာ ကျဥ်စက်ထိသူကဲ့
mgyoe.com

mgyoe.com
သို့ အောင်ဗလ တုန်လှုပ်သွားသည်။

စာအိတ်တွင် အင်္ဂလိပ်ဘာသာဖြင့် လိပ်စာတပ်ထားသော်လည်း စာမှာ ဝိုင်းစက်လှပသော မြန်မာစာဖြင့်ရေးထားသည်။ စာအိတ်ကလည်း ကြည့်စမ်းပါဦး 'ကိုလူလည်ကြီးရှင့်'တဲ့။

ကိုလူလည်ကြီးရှင့်

"ရှင်ကတော့ အံ့သြသွားမှာပဲ။ ကျွန်မ မြန်မာပြည်မှာ ရှစ်နှစ်လောက်နေဖူးတယ်။ ၁၉၅၅ ခုနှစ်က စိန့်မေရီကျောင်းကနေပြီး ရန်ကုန်တက္ကသိုလ်ဝင် စာမေးပွဲအောင်ခဲ့တယ်။ ကျွန်မ မိဘ ဘီအိုစီမှာ အလုပ်လုပ်တာနဲ့ မြန်မာပြည်ပါသွားတာ။

ရှင့်ကိုတွေ့တွေ့ချင်း မြန်မာမှန်းသိလို့ နှုတ်ဆက်တာ ရှင်ကချည်း ပြောနေလို့ ကျွန်မအကြောင်းကို ပြောချိန်မရဘူး၊ ရန်ကုန် အလုံမှာ ဒေါ်ခွေးဆိုတဲ့ ကရင်မကြီးရှိတယ်။ ရှင် မြန်မာပြည်ပြန်ရင် သူ့ဆီကို ပူးတွဲပါ အထုပ်ကလေးယူသွားပြီး လက်ဆောင်ပေး ပေးပါလား။ လိပ်စာကို အထုပ်မှာရေးထားတယ်။

အဲဒီ ဒေါ်ခွေးက ကျွန်မငယ်ငယ်က ထိန်းခဲ့တာပေါ့။ သူပေးတဲ့နာမည်တောင်ရှိသေးတယ်။'မခွေးမ' တဲ့၊ ကျွန်မအခု လီမင်တန်ကို လာတာကသန်ဘက်ခါမှာ လက်ထပ်တော့မှာမို့ လက်မထပ်မီ အပျိုဘဝမယ် သူငယ်ချင်းတစ်ဦးနဲ့ လည်ပတ်ရင်း ရှင့်ကိုတွေ့တာပဲ။ ပျော်စရာတော့ အကောင်းသားနော. . .။

ဒါထက် ကျွန်မလေ . . . ကျွန်မ. . . မြန်မာပြည်မှာနေတုန်းက သီတင်းကျွတ်ပွဲတော်တွေကို နွှဲဖူးပါတယ်။ နမ်းတာ မမြင်ဖူးပါဘူး။ တစ်ခါမှလည်း အနမ်းမခံခဲ့ရပေါင်. . .။

ဒေါ်ခွေးကို တွေ့ရင် ပြောလိုက်ပါ။ မခွေးမကလေးနဲ့ တွေ့ခဲ့တယ်လို့. . .။ ဒါပေမဲ့ မခွေးမကလေး တခ်ယောက်ကို ညာပြီးမွှေးခဲ့တယ်ဆိုတဲ့အကြောင်းကိုတော့ ပြန်မပြောလိုက်ပါနဲ့နော်။ ဟင်း . . .လူကြီးကိုကတဲ့. . ."

ဖြစ်ရလေ. . . မခွေးမရယ်. . .။

ငွေတာရီမဂ္ဂဇင်း၊ အမှတ် ၄၊ ၁၉၆၀ ခုနှစ်၊ အောက်တိုဘာလ။

❑

mgyoe.com

mgyoe.com

# ရှေးခေတ်ဟောင်းအောက်မေ့သူ

ရန်အောင်

"ဗြောင်း. . .ဗြောက်. . . ဒိန်း. . .ဒိုင်း. . ."

နားကွဲလုမတတ် ဆူညံမြည်ဟည်းသော အသံကြီးများ ပေါ်ထွက်လာလေသည်။ ထိုအသံများကြောင့် ဦးသာအိုးသည် အိပ်ပျော်နေရာမှ လန့်၍ နိုးလာ၏။

"ဟဲ့. . . . သမီး၊ ဘာသံတွေလဲ"

မချစ်မေသည် ဖခင်၏ခေါ်သံကြားသဖြင့် ပြေးလာလေသည်။

"ဘာလဲ ဖေဖေ"

"ဆူးဆူး ဝါးဝါး ဘာသံတွေလဲ ဟဲ့"

"သီတင်းကျွတ်လို့ ဗြောက်အိုးတွေ ဖောက်တာ အဖေ"

"ဗြောက်အိုးက ဒီလောက် မမြည်ပါဘူးကွဲ့။ မီးအိုး ဖောက်တာ ဖြစ်မှာပေါ့"

"ဗြောက်အိုးနဲ့မီးအိုး အတူတူပဲ မဟုတ်လား အဖေရယ်"

"အို. . . .ဘယ်ကတူရမှာလဲ။ မီးအိုးဆိုတာက စနက်တံကလေးကို မီးရှို့ပြီးဖောက်ရတာ၊ ဗြောက်အိုး ဆိုတာက ကျောက်ခဲကလေးတွေနဲ့ ပေါ်တက်ကို ရောထုပ်ထားတဲ့ အထုပ်ကလေး၊ မြေမာမာမှာ ပေါက်လိုက်

mgyoe.com

mgyoe.com
တော့ 'ဖြောက်' ကနဲမြည်တာ၊ ဒါကြောင့် ဖြောက်အိုးလို့ ခေါ်တာပေါ့"

"အဲဒါကတော့ အဖေတို့ အညာအရပ်မှာ ခေါ်တာ ဖြစ်မှာပေါ့။ အောက် အရပ်မှာတော့ အားလုံးကို ဖြောက်အိုးလို့ချည်းခေါ်တာပဲ"

"အေး. . . .ဟုတ်တယ်–ဟုတ်တယ်၊ မြန်မာစကားပြောရာမှာ အညာနဲ့ အောက် အခေါ်အဝေါ် အသုံးအနှုန်းချင်းမတူတာကလေးတွေရှိတယ်။ ဥပမာဆိုပါတော့ကွယ်. . . .။"

ဦးသာအိုးသည် ရှေးလူကြီးပီပီ စကားစရလျှင် အဆက်မပြတ်ပြော နေတတ်သည်။ ထိုအကြောင်းကို သမီးဖြစ်သူ မချစ်မေ သိသည့်အတွက် သူ့အဖေ စိတ်အေး လက်အေး ပြောနိုင်စေရန်အတွက် ဦးသာအိုး၏ ခုတင်စွန်းတွင် တင်ပါးလွှဲထိုင်၍ နားထောင်နေသည်။

"အိမ်း. . . .အောက်အရပ်မှာတော့ အမေ့မောင်ကိုလည်း ဦးလေးပဲ၊ အဖေ့ညီကိုလည်း ဦးလေးပဲ။ အဖေတို့ အညာအရပ်မှာတော့ ဒီလိုမဟုတ် ဘူး၊ ခွဲခြားပြီးခေါ်တယ်။ အမေ့မောင်ကို ဦးလေးလို့ခေါ်တယ်၊ အဖေ့ညီကို ဘထွေးလို့ခေါ်တယ်။ အဖေ့အစ်ကိုကို ဘကြီးလို့ခေါ်တယ်၊ အမေ့ မောင်ကြီး ကို ဦးကြီးလို့ ခေါ်တယ်"

"အဖေတို့ အညာ အခေါ်က တယ်ရှုပ်တာကိုး အဖေရဲ့"ဟု မချစ်မေ က ပြောလိုက်၏။

"ဟဲ့. . . .ရှုပ်တာ မဟုတ်ဘူး၊ အခေါ်အဝေါ် ကြားတာနဲ့ ဘယ်လိုတော် တယ်ဆိုတာ သိရတယ်။ 'ကြီးတော်'လို့ ခေါ်လိုက်ရင် အမေ့ အစ်မမှန်းသိ တယ်။ 'ထွေးတော်–ထွေးလေး' လို့ ခေါ်လိုက်ရင် အမေ့ညီမမှန်းသိတယ်၊ 'ဦးကြီးလို့ခေါ်လိုက်ရင် အမေ့မောင်ကြီးမှန်းသိတယ်။ 'ဦးလေး'လို့ ခေါ် လိုက်ရင် အမေ့မောင်ငယ်မှန်းသိတာပေါ့ကွဲ့"

"အမယ်လေး. . . .အဖေတို့ အညာအခေါ်အဝေါ်ကလည်း အဘိဓာန် တစ်ခု လုပ်ထားရမလိုဖြစ်နေပြီ"

"အဲဒါတွေဟာ ဝေါဟာရတွေပေါ့ သမီးရယ်၊ ဝေါဟာရ ကြွယ်လေ ကောင်းလေပဲ မဟုတ်လား"

ထိုအခိုက် လမ်းပေါ်မှ ကလေးများ၏ ဆူဆူညံညံအသံများကို ကြားရ သဖြင့် ဦးသာအိုးက–"ဆူလှချည့်လား သမီး၊ ဘာပြုလို့ ဒီလောက်အော်ဟစ် နေကြတာလဲ"ဟု မေးလိုက်၏။
mgyoe.com

mgyoe.com
"မီးပုံးပျံ တက်လာတာကို မြင်လို့ အော်ကြတာအဖေ"

"ဟေ. . . .မီးပုံးပျံဟုတ်လား၊ အဖေတို့ အညာမှာတော့ မီးအိမ်ပျံလို့ ခေါ်တယ်ကွဲ့။ မီးပုံး ဆိုတာကတော့ အထဲမှာ ဖယောင်းတိုင်တို့၊ ဆီမီးခွက်တို့ ထည့်ထွန်းတာကိုမှ မီးပုံးလို့ခေါ်တယ်။ မီးပုံးကငယ်တယ်၊ မီးအိမ်ကကြီးတယ်ပေါ့ကွယ်။။ အေး စကားစပ်မိလို့ ပြောဦးမယ်"

'သြော်. . . .လူကြီးဆိုတာ လုပ်စရာ ဘာအလုပ်မှ မရှိတော့တဲ့အတွက် စကားပဲပြောနေတော့တာ ထင်ပါရဲ့'ဟု မချစ်မေတွေးကာ သူ့ဖခင်ကို ကြင်နာသော အကြည့်ဖြင့် ကြည့်နေလေသည်။

"သမီးတို့အမေနဲ့ အဖေနဲ့ အကြောင်းပါခါစကပေါ့။ အဖေတို့ လင်မယားနှစ်ယောက် အညာကို အလည်အပတ်သွားကြတယ်။ အဖေတို့ အရပ်က နေအလွန်ပူပြင်းတော့ မကြာမကြာ မီးလောင်တတ်တယ်။ မီးသတ်စက်တို့၊ မီးသတ် အဖွဲ့တို့ကလည်း ရှိတာမဟုတ်တော့ ကိုယ့်အိမ်မှာ ရေပြွတ်ကြီးတွေ လုပ်ထားရတယ်။ မီးလောင်ရင် ပြွတ်နဲ့ထိုးပက်ဖို့ပေါ့။ အဲဒီပြွတ်ကြီးကို သမီးတို့အမေကမြင်တော့–'အမယ်–ပြွတ်ကြီးကကြီးလိုက်တာ'လို့ ပြောတယ်။ ပြွတ်ကိုပြွတ်လို့ ခေါ်တဲ့အတွက် အညာကလူတွေက ခွက်ထိုးခွက်လန်ရယ်ကြတယ်။ ဒီတော့ မင်းတို့ အမေက–'နေစမ်းပါဦး၊ ဒါကြီးကို ပြွတ်လို့ မခေါ်ရင် ဘယ်လိုခေါ်ရမှာလဲ'လို့ မေးတော့ အညာကလူတွေက 'ပွတ်လို့ခေါ်တယ်' တဲ့။ အဲဒီလို 'ပွတ်'လို့ ပြောသံလည်း ကြားရော မင်းတို့အမေက အူတက်မတတ် ရယ်ပြန်တာပဲ။ 'လေးကျွန်းသားဆုံမိရင် ရယ်ရလွန်းလို့ အူတက်သေမယ်' ဆိုတဲ့ စကားစဉ်လိုပေါ့ကွယ်"

ဦးသာအိုးသည် စကားတံရှည်ကြီး ပြောပြီးသဖြင့် မောသွားသည့်သဖွယ် နောက်ထပ်မပြောတော့ဘဲ မျက်နှာချင်းဆိုင် တိုက်များဆီသို့ လှမ်းကြည့်နေသည်။ ထိုတိုက်များ၏ ရှေ့မျက်နှာစာတွင် ဓာတ်မီးလုံးရောင်စုံများကို ကြိုးဖြင့်သွယ်တန်း ထွန်းငြိထားသည်များကို မြင်ရသည်။ အချို့တိုက်များတွင် မီးလုံးကလေးများသည် လင်းချည်မှိတ်ချည် ဖြစ်နေသည်ကိုလည်း မြင်ရ၏။

လမ်းပေါ်မှ ကလေးတွေ၏ ဆူညံအော်ဟစ်သံများ၊ မီးအိုး၊ ဗြောက်အိုးဖောက်သံများကိုလည်း ကြားရသည်။ မီးပန်းရှို့သဖြင့် ထိန်ထိန်လင်းသော
mgyoe.com

mgyoe.com
အရောင်များကိုလည်း မြင်ရ၏။

"အဖေ၊ ပြောက်အိုးနဲ့၊ မီးပန်းနဲ့တွေ သိပ်ညှော်တာပဲ။ ပြတင်းပေါက် ပိတ်ထားလိုက်မယ်နော်"

မချစ်မေက ပြောပြောဆိုဆိုပင် ဦးသာအိုး၏ အနီးတွင်ရှိသော တံခါးကလေးကို ပိတ်လိုက်လေသည်။ ထို့နောက် ဦးသာအိုး၏ အပါးမှ ထ၍ သွား၏။

ဦးသာအိုးသည် အိပ်ရာထက်တွင် ပက်လက်လှန်ကာ လဲလျောင်းလျက် နဖူးပေါ် လက်တင်လိုက်လေသည်။ မီးအိုးသံ၊ ပြောက်အိုးသံ၊ ကလေးတွေ၏ ဆူညံ အော်ဟစ်သံများကို ကြားနေရသော ဦးသာအိုး၏ စိတ် အစဉ်သည် အတိတ်ဆီသို့ တရိပ်ရိပ်လွင့်ပါးသွားလေတော့သည်။

*

၇-နှစ်သားအရွယ် မောင်သာအိုးကလေး. . .

ဘွားအေကြီး ဈေးမှပြန်လာသည်ကို ဆီးကြိုကာ ဘွားအေကြီး၏ ဈေးတောင်းထဲမှ ပစ္စည်းများကို မွှေနှောက် ကြည့်ရင်း "အမေ . . .၊ ဒီခွက်ကလေးတွေဟာ ကျွန်တော် ကစားဖို့လား"ဟု မောင်သာအိုးက မေးလိုက်သည်။

မောင်သာအိုးတို့၏ ရပ်ရွာထုံးစံအတိုင်း မိခင်ကို 'အမ'ဟု ခေါ်လျက် ဘွားအေကို 'အမေ'ဟု ခေါ်လေသည်။

"ဒါ ဆီမီးခွက်တွေလေ. . . .၊ ကစားဖို့မဟုတ်ဘူး။ သီတင်းကျွတ်တော့မယ်ကွဲ့. . . .၊ သီတင်းကျွတ်ရင် ဘုရားမီးပူဇော်ရမှာ. . . .။"

သီတင်းကျွတ် ပွဲတော်ကြီး နီးပြီဆိုသောကြောင့် မောင်သာအိုး ဝမ်းသာသွားလေသည်။

ဘွားအေကြီးသည် ဆီမီးခွက်များကို ရေစင်စင်ဆေးလေသည်။ ထို့နောက် ဝွမ်းများကို အတောင့်ကလေးတွေ လုပ်နေလေသည်။

"ဒါက ဘာလုပ်ဖို့လဲ အမေ. . . ." ဟု မောင်သာအိုးက ဝွမ်းတောင့်ကလေးများကို ကိုင်ကာ မေးလေသည်။

"ဆီမီးထွန်းတော့ မီးစာ လုပ်ဖို့ကွဲ့. . . .။"

မောင်သာအိုး၏ ဖခင်မှာလည်း သီတင်းကျွတ်ပွဲတော်အတွက် ပြင်ဆင်
mgyoe.com

mgyoe.com
နေလေသည်။ အိမ်ရှေ့တွင် ဝါးလုံးများရိုက်ကာ စင်ကလေးတစ်ခု ပြုလုပ်၏။ စင်ကလေးမှာ အဆင့်ဆင့်ပြုလျက် အောက်မိုးအဆင့်သည် အရှည်ဆုံးဖြစ်လျက် အထက်ဆင့်များမှာ တဖြည်းဖြည်း တို၍ တို၍ သွားရာ စင်ကလေးမှာ စေတီသဖွယ် ဖြစ်နေလေသည်။

"မီး တင်ထွန်းဖို့ လုပ်တာလား အဖေ"ဟု မောင်သာအိုးက မေးလိုက်၏။

"အေး. . . .ဟုတ်တယ်ကွဲ့"ဟု အဖေက အဖြေပေးသည်။

မောင်သာအိုးသည် သီတင်းကျွတ်ပွဲတော်အတွက် ပြင်ဆင်နေကြသော အခြား အိမ်များသို့လည်း လှည့်လည်ကြည့်ရှုသည်။

မောင်သာအိုးတို့ အိမ်၏ အရှေ့ဘက် တစ်အိမ်ကျော်မှ ဆေးဆရာကြီး ဦးမိုး၏ဇနီး အရီးတုတ်တို့အိမ်သို့ မောင်သာအိုးရောက်သွားသောအခါ အရီးတုတ် ပျားဖယောင်းတိုင်ကျစ်နေသည်ကို တွေ့ရသဖြင့် မောင်သာအိုးသည် စိတ်ဝင်စားစွာ ထိုင်၍ကြည့်နေလေသည်။

မောင်သာအိုးအိမ်သို့ ပြန်ရောက်လာသောအခါ ဖခင်ပြုလုပ်ပြီးသည့် ဆီမီးထွန်းစင် ပြီးစီးရုံသာလျှင်မက မောင်သာအိုး အတွက် ပြုလုပ်ထားသော အိမ့်ဒလိမ့်မီးပုံးကိုပါ တွေ့ရလေသည်။

"အဖေ ဒါ ကျွန်တော့်ဖို့နော်"

"အေးပေါ့ လူကလေးရာ"

မောင်သာအိုးသည် အိမ့်ဒလိမ့်မီးပုံး၏လက်ကိုင်တုတ်တံကို ကိုင်ကာ မြေပြင်တွင်တွန်း၍နေလေသည်။ မီးပုံးသည်လိမ့်၍ လည်နေသည်။ မောင်သာအိုး ဝမ်းမြောက်လှသဖြင့် ကွေးနေအောင်ကလေသည်။ အဖေသည် မောင်သာအိုးကိုကြည့်ကာ သဘောကျလှသဖြင့် တခစ်ခစ်ရယ်၍နေ၏။

သီတင်းကျွတ်လပြည့်မတိုင်မီ အဖိတ်နေ့ညသို့ ရောက်ခဲ့လေပြီ။

မောင်သာအိုးသည် ဘွားအေကြီးနှင့်အတူ ဆီမီးခွက်များထဲသို့ နှမ်းဆီထည့်သည်။ ထို့နောက် ဂွမ်းလိပ်မီးစာကလေးများ ထည့်ပြန်သည်။ နောက်ဆုံးတွင် မီးစာကို မီးညှိထွန်းကာ မီးစင်ကလေးပေါ်သို့ အစီအရီ တင်ထားသည်။ စင်ကလေးအပြည့် မီးထွန်းပြီးသောအခါ အောက်ခြေတွင် ကျယ်၍ အထက်သို့ကျဉ်းသွားလျက် စေတီတော်သဏ္ဌာန် ဖြစ်နေလေသည်။ မောင်သာအိုးသည် ထိုမီးစေတီကို အကြိမ်ကြိမ်ဦးချပြီးနောက် 'ဩကာသ
mgyoe.com

mgyoe.com
ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ' စသည်ဖြင့် ကန်တော့ချိုးကို ရွတ်ဆိုကာ ကျယ်လောင်စွာ ဘုရားရှိခိုးလေတော့သည်။

မောင်သာအိုး ရှိခိုးနေသည်ကို ဘိုးအေကြီးက ကြည့်နေရင်းမှ ပီတိသောမနဿဖြစ်ကာ သွားတစ်ချောင်းမှ မရှိတော့သော သွားဖုံးကြီးများပေါ် အောင် ပြုံးနေလေတော့သည်။

ဘုရားရှိခိုးပြီးနောက် မောင်သာအိုးသည် အိမ့်ဒလိမ့် မီးပုံးထဲတွင် ဖယောင်းတိုင်စိုက်ကာ မီးပုံးလက်ကိုင်တံကို လမ်းတစ်လျှောက်တွန်းသွားလေသည်။

အရိုးတုတ်တို့ အိမ်ရှေ့သို့ရောက်၍ ကြည့်လိုက်သောအခါ ပျားဖယောင်းများအစီအရီ ထွန်းထားသည်ကိုမြင်ရ၏။

အချို့အိမ်များမှာ အရိုးတုတ်တို့ အိမ်ကဲ့သို့ ပျားဖယောင်းတိုင်များထွန်းကြသည်။ အချို့အိမ်များမှာမူကား ဈေးဆိုင်တွင် ဝယ်ရသည့် ကျောက်ဖယောင်းတိုင်များ ထွန်းကြသည်။ ကျောက်ဖယောင်းတိုင်များမှာ ဖြူ၊ ပြာ၊ နီ၊ ဝါ ရောင်မျိုးစုံဖြစ်ကြလေသည်။

မောင်သာအိုးသည် ဗုံထောင်ခေါက်သံများကို ကြားရလေသည်။

"ဗုံထောင်သား၊ ဗုံထောင်သား တိုင်းလုံးကျော်တဲ့ ဗုံထောင်သားကွ"

"ဗုံထောင်သားများ ကျက်သရေ ကမ္ဘာသချော်ပြောလို့မဆုံး"

ယင်းသို့သော သီဆိုသံများနှင့်အတူ ဗုံထောင်တီးခေါက်သံများကို ကြားရသည့်အတွက် မောင်သာအိုးသည် အသံလာရာဆီသို့သွားလေသည်။ ဆွမ်းတော်ကြီးတင်မဏ္ဍပ်ပါတကား။

မဏ္ဍပ်တွင်း ပလ္လင်ထက်တွင် ကြည်ညိုဖွယ်ရာ သပ္ပာယ်လှစွာသော ကျောက်ဆင်းတုကိုယ်တော်မြတ်ကိန်းဝပ်တော်မူလျက်ရှိ၏။ ဆင်းတုတော်၏ရှေ့တွင် ဆီမီးဖယောင်းတိုင်တို့ မြိုင်ဆိုင်ဝေဆာ ထိန်လင်းစွာ ညှိထွန်း၍ ထားသည်။

ထို့ပြင် စားပွဲများပေါ်တွင် သစ်သီးမျိုးစုံ၊ မုန့်မျိုးစုံ၊ ပန်းမျိုးစုံတို့ တင်ထားသည်ကိုလည်း တွေ့ရ၏။

နက်ဖြန်ခါ သီတင်းကျွတ်လပြည့်နေ့တည်း။ လပြည့်နေ့ အရုဏ်တက်တွင်မြတ်စွာဘုရားသခင်အား ဆွမ်းတော်ကပ်ရန် ပြင်ဆင်ထားကြခြင်းဖြစ်သည်။

mgyoe.com

mgyoe.com

မောင်သာအိုးသည် တစ်စုံတစ်ရာကို သတိရကာ အိမ်ဆီသို့ ခပ်သုတ်သုတ်ပြန်သွားလေသည်။

"အစ်မ . . .ကျွန်တော်တို့အိမ်က ဆွမ်းတော်ပွဲ မပို့ရသေးဘူးနော်" ဟု မောင်သာအိုးက သူ့မိခင်အား မေးလိုက်သည်။

"အေး . . .မပို့ရသေးဘူး၊ မင်းက မီးထွန်းတာ လျှောက်ကြည့်နေတာကိုး ကွဲ့. . ."

"ပေးလေ . . .၊ ကျွန်တော်သွားပို့မယ်"

မောင်သာအိုး၏မိခင်သည် ပန်းကန်ပြားကြီးတစ်ချပ်ထဲတွင် ဩဇာသီးများ ထည့်ကာ မောင်သာအိုးအား ပေးလိုက်သည်။

မောင်သာအိုးသည် ဆွမ်းတော်ကြီးတင် မဏ္ဍပ်သို့သွားကာ ပေး၏။ ဆွမ်းတော်ကြီးပွဲပို့ရန် လာသူများနှင့်အတူ ထိုင်နေသော မောင်သာအိုးမှာ အခြားသူများနည်းတူ သာကူကျိုများသောက်ရလေသည်။

မောင်သာအိုး အိမ်သို့ပြန်ရောက်သောအခါတွင်ကား အတော်ကလေးညဉ့်နက်ပြီဖြစ်ရာ အိပ်ရာသို့ ဝင်လေတော့သည်။

"ဆွမ်းဒါယကာ၊ ဒါယိကာမ အပေါင်း သူတော်ကောင်းတို့ဗျား . . .။ ဆွမ်းချက်ချိန်ကျပါပြီ၊ ထ၍ ချက်တော်တော်မူကြပါဗျား. . ."

မောင်သာအိုးတို့ ဦးကြီးတော်သူ နိဗ္ဗာန်ဆော်ကြီး ဦးဖိုးမြိုင်၏ အော်သံကိုကြားရသဖြင့် မောင်သာအိုးသည် အိပ်ရာမှလန့်၍နိုးလာလေသည်။

"အစ်မ ဆွမ်းချက်ရမယ်မဟုတ်လား" ဟု မောင်သာအိုးက မိခင်အား မေးလိုက်၏။

"အေး ဟုတ်တယ်။ အစ်မလည်း ထနေပါပြီကွယ်"

မောင်သာအိုးသည် ပြန်၍အိပ်၏။ သို့သော် နှစ်နှစ်ခြိုက်ခြိုက်ကားမပျော်ချေ။ သူ့အမေ ဆန်ဆေးသံ၊ မီးမွှေးသံ၊ ထမင်းအိုးငှဲ့သံ၊ ငရုတ်သီးထောင်းသံစသည်များကို တစ်ချက်တစ်ချက်ကြား၍နေလေသည်။

"ဆွမ်းဒါယကာ ဆွမ်းဒါယိကာမအပေါင်း သူတော်ကောင်းတို့ဗျား။ ဆွမ်းပို့ရန် အချိန်တန်ပါပြီ၊ ဆွမ်းတော်ကြီးလောင်းမဏ္ဍပ်သို့ ကြွရောက်ပို့ကြပါခင်ဗျား"

နိဗ္ဗာန်ဆော်ကြီး ဦးဖိုးမြိုင်၏အော်ဟစ်သံကို မောင်သာအိုးကြားရသည်။ ဆွမ်းနံ့၊ ဆွမ်းဟင်းနံ့ တသင်းသင်းတပျံ့ပျံ့ကိုလည်း ရှူရှိုက်ရ၏။

mgyoe.com

မောင်သာအိုး အိပ်ရာမှ လူးလဲ၍ထသောအခါတွင်ကား သူ့အမေသည် ဆွမ်းပွဲ၊ ဆွမ်းဟင်းပွဲများ ပြင်ပြီးဖြစ်သည်ကိုတွေ့ရလေသည်။

"လူကလေး မျက်နှာသစ်၊ ဆွမ်းသွားပို့ရအောင်"

မောင်သာအိုး မျက်နှာသစ်ပြီးနောက် အဝတ်အစားလဲကာ မိခင်နှင့်အတူ ဆွမ်းတော်ကြီး လောင်းမဏ္ဍပ်သို့ ဆွမ်းပို့ရန်လာခဲ့သည်။ မဏ္ဍပ်တွင် မောင်သာအိုး၏ဖခင်ကိုတွေ့ရ၏။ ဆွမ်းပို့ရန် မောင်သာအိုး၏ဦးကြီး၊ ဦးလေး၊ ဘကြီး၊ ဘထွေးစသူများသည် ပို့လာကြသော ဆွမ်းပွဲ၊ ဆွမ်းဟင်းပွဲများကို သိမ်းဆည်းယူဆောင်ကြသည်။

ဆွမ်းများကို တောင်းကြီးထဲသို့ လောင်းထည့်၏။ ဆွမ်းဟင်းများကို ဟင်းအမယ်လိုက် ဇလုံကြီးများထဲသို့ ထည့်သည်။ ဝက်သားဟင်းချင်း၊ ငါးဟင်းချင်း၊ ကြက်သားဟင်းချင်းအမျိုးတူရာ ရောနှောထည့်ထား၏။

ဆွမ်းလာပို့သူများစုံသည်နှင့် မရှေးမနှောင်းပင် ကြေးစည်ခတ်သံကြားရသည်။

"သံဃာတော်များ ကြွတော်မူလာကြပါပြီ ခင်ဗျား"

နိဗ္ဗာန်ဆော် ဦးဖိုးမြိုင်သည် သံဃာတော်များ၏ ရှေ့ဆုံးမှ ကြေးစည်တီးကာ နှိုးဆော်လေ၏။

သံဃာတော် အပါး ၁၀၀ ကျော်တို့သည်ဝါတော်စဉ်ကြီးငယ်အလိုက် စီတန်းကြွလာတော်မူကြသည်။

"ဗုံထောင်သား ဗုံထောင်သား တိုင်းလုံးကျော်တဲ့ ဗုံထောင်သား"

"ဗုံထောင်သားများ ကျက်သရေ ကမ္ဘာသချီပြောလို့မဆုံး"

သီချင်းသံနှင့်အတူ တဒေါင်ဒေါင်တီးမှုတ်သော ဗုံထောင်သံများ ပေါ်ထွက်လာလေသည်။

သံဃာတော်မြတ်များသည် ဆွမ်းလောင်းမဏ္ဍပ်အနီးသို့ရောက်လာကြလျှင် ယောကျ်ားများက သပိတ်ကို လှမ်းယူကြ၊ ဆွမ်းထည့်ကြ၊ သပိတ်ကိုပြန်ကပ်ကြနှင့် အလုပ်များ၍နေကြသည်။

မိန်းမများမှာ မနီးမဝေးတွင် ကြုံ့ကြုံ့ကလေးတွေထိုင်ကာ ရှိခိုးဦးတင်၍ နေကြသည်။

ဆွမ်းဟင်းဇျပ်ရွက်သူ ကျောင်းသားများ၏ ဇျပ်ထဲသို့ ဆွမ်းဟင်းများလောင်းထည့်သောနေရာတွင်ကား . . .

mgyoe.com

 mgyoe.com 

"ဟဲ့ ဟဲ့ နေကြပါဦးလေ"

"မတိုးကြစမ်းပါနဲ့ မောင်ကျောင်းသားတို့"

"မင်းဘယ်ကျောင်းကလဲ"

"ဘုတာ ကျောင်းက ကျောင်းသားလားဟေ့" စသည်ဖြင့် ဆူညံနေလေတော့သတည်း။

*

လပြည့်နေ့ညတွင် မောင်သာအိုးသည် အိမ့်ဒလိမ့် မီးပုံးကို တွန်းကာ ရွာရိုးလျှောက်၍ ကြည့်ပြန်သည်။

တစ်ရွာလုံးထိန်ထိန်လင်း၍ နေ၏။ ဆီမီးနံ့၊ ပျားဖယောင်းနံ့ကလေးများ တသင်းသင်းတပျံ့ပျံ့လှိုင်နေလေသည်။

ပွဲတော်ရက်အတွင်းတွင်မှ အရေးပေါ်ထွက်ကြသည့် ဈေးတန်းကလေးမှာလည်း စည်ကားလှသည်။ ထိုဈေးတန်းတွင် ထိုးမုန့်၊ ကရေကရာ၊ ပေါက်ပေါက်ဆုပ်၊ အနုဆုပ်၊ ဩဇာသီး၊ မာလကာသီး၊ မီးအိုး၊ ဗြောက်အိုး၊ မီးပန်းများ ရောင်းကြလေရာ မုန့်နံ့၊ သစ်သီးနံ့ကလေးများကိုရသော မောင်သာအိုးမှာ စားလိုလှသဖြင့် သွားရည်ယိုမိလေသည်။

"ဟေ့ မောင်အိုး၊ မာလကာသီးစားမလား" ဟု မောင်သာအိုး၏ အရိုးတော်သူမလှမှိုက လှမ်း၍မေး၏။ မလှမှိုမှာ မာလကာသီး၊ ဩဇာသီးများ ရောင်းနေသည်။

"စားတော့စားချင်တယ် အရီးလေး။ ဒါပေမဲ့ ကျွန်တော့်မှာ ပိုက်ဆံမပါဘူး" ဟု မောင်သာအိုးက ပြောလိုက်၏။

"ပိုက်ဆံမပါပေမဲ့ အရီးလေးက ကျွေးမှာပေါ့ကွယ်၊ ကိုင်းသီချင်းတစ်ပုဒ်လောက်ဆိုပြစမ်းပါ"

မောင်သာအိုးက သီချင်းဆိုပြလိုက်သည်။

"အရှေ့အိမ်က မီးထိန်ထိန်၊ အနောက်အိမ်က မီးထိန်ထိန် မာလကာပင်နေရောင်ထိုး၊ မကဒိုးတို့အိမ်။ တစ်ညလာချစ်သေးရဲ့၊ ကတ္တီပါဆိုတဲ့ ခွေးကို၊ မောင်းလိုက်ပါလေး . . ."

"ငါ့တူက သီချင်းဆိုကောင်းသကိုးကွဲ့။ ရော့မာလကာသီးတစ်လုံး၊ နောက်ထပ်သီချင်းတစ်ပုဒ်လောက် ဆိုပြစမ်းပါဦး"

mgyoe.com

mgyoe.com

မောင်သာအိုးက ဆိုပြန်သည်။

"အိမ်ကြိုအိမ်ကြားက ခုံဖိနပ်သံကြား။ ပျို့မောင်ကြီး လာမလားလို့။ သနပ်ခါးတဖုံဖုံနဲ့၊ အိမ်တွင်တယ်တဲ့ ပုန်းရည်အိုး၊ ခွေးချင်းကိုက်လို့ ကွဲ"

"ရော့ ဩဇာသီးတစ်လုံး"

မောင်သာအိုးသည် အရီးလေးလှမ်းပေးသည့် စားစရာများကို ယူကာ လျှောက်ခဲ့ပြန်သည်။

ရွာအနောက်ပိုင်းတွင် မောင်သာအိုးမှာ ရတနာပုံဆိုက်လေတော့သည်။

အနောက်ပိုင်းတွင် လက်ဖက်၊ ဂျင်းသုပ်များကို ဗျပ်ကြီး၊ ဗျပ်ငယ်ပေါ်တွင် ထည့်ကာ လာလာသမျှ လူအပေါင်းတို့အား စတုဒိသာကျွေးမွေးနေသည်။ မောင်သာအိုးမှာ နံကားအောင်စားရလေတော့သည်။

"အရှေ့ကျောင်းမှာ မီးအိမ်ပျံလွှတ်မလို့တဲ့ဟေ့" ဟူသော ကလေးတွေ၏ အော်သံနှင့်အတူ ကလေးတစ်သိုက်မှာ အရှေ့ကျောင်းဆီသို့ ပြေးသွားကြရာ မောင်သာအိုးသည်လည်း ကလေးများနှင့်ရောနှောပြေးလိုက်သွားလေသည်။

အရှေ့ကျောင်း၏ရှေ့ပရိဝုဏ်အတွင်းတွင် မီးအိမ်ပျံကြီးကို ဦးပဥ္စင်းကြီး ဦးဝိလာသက မှိုင်းခံနေ၏။ အနီးတွင်ကား ကိုရင်များ၊ ကာလသားများ၊ ကလေးများပြည့်နှက်နေလေသည်။

မှိုင်းဝလာသော မီးအိမ်ပျံကြီးတလှုပ်လှုပ် တရွရွဖြစ်လာသည့်နည်းတူ ပင် ကြည့်နေသော ပရိသတ်မှာ လှုပ်လှုပ်ရှားရှားဖြစ်လာကြသည်။

မီးအိမ်ပျံကြီးသည် မှိုင်းဝကာ ရုန်းကန်၍နေ၏။ ထိုအချိန်တွင် မီးအိမ်ပျံအဝ၌ ချိတ်ဆွဲထားသော မီးကွင်းကြီးကို မီးရှို့လိုက်လေသည်။ မီးကွင်း ကြီးသည် တဟုန်းဟုန်းတောက်လာ၏။ မီးအိမ်ပျံကြီးကလည်း ဆွဲငင်၍ မရလောက်အောင် ရုန်းကန်နေ၏။

"လွှတ်တော့မယ်ဟေ့"

ဦးဝိလာသက အော်၍ပြောလိုက်ပြီးနောက် မီးအိမ်ပျံကြီးကို လွှတ်လိုက်ရာ ကြည့်နေသော ပရိသတ်သည် လက်ခုပ်လက်ဝါးတီးကာ ကျယ်လောင်စွာ အော်ဟစ်ကြလေသည်။

မီးအိမ်ပျံကြီးကား ကောင်းကင်သို့ ထိုးတက်သွား၏။ ထို့နောက် လေဆောင်ယူရာအတိုင်း အရှေ့မြောက်ထောင့်ဆီသို့ တရွေ့ရွေ့လွင့်ပါ

mgyoe.com

mgyoe.com


သွားတော့သည်။

ဦးပဥ္ဇင်းကြီး ဦးဝိလာသသည် မီးအိမ်ပျံနောက်တစ်လုံးကို မှိုင်းခံ ပြန်၏။ ပရိသတ်သည် စိတ်ဝင်စားစွာ ငေးစိုက်ကြည့်ရှုနေကြသည်။ မှိုင်း ဝလာလျှင် ပရိသတ် လှုပ်လှုပ်ရွရွဖြစ်လာကြ၏။ လွှတ်လိုက်လျှင် အော်သံများ၊ လက်ခုပ်သံများ ပွဲတင်ထပ်၍သွားလေတော့သတည်း။

နောက်တစ်လုံး၊ နောက်တစ်လုံးဖြင့် မီးအိမ်ပျံ ၅ လုံး လွှတ်ပြီးသော အခါ၌ ဦးပဥ္ဇင်းကြီးက "တော်ပြီ၊ နက်ဖြန်မှ လွှတ်ဦးမယ်" ဟုဆိုလိုက်ရာ ကာလသားများနှင့်ကလေးများသည် ရွာတွင်းသို့ပြန်သွားကြလေသည်။

မောင်သာအိုးရွာထဲသို့ပြန်ရောက်လာသောအခါတွင်ကား အိမ်များ တွင်ထွန်းညှိပူဇော်ထားသည့် မီးများငြိမ်း၍နေချေပြီ။ ဖယောင်းတိုင်ကလေး တစ်တိုင်တလေ၊ ဆီမီးခွက်ကလေးတစ်ခွက်တလေသာလျှင် အသက်ပြင်း ကာ မှိတ်တုတ်မှိတ်တုတ်နှင့် ကျန်ရစ်သည်ကို တွေ့ရ၏။ ဤ ရှုခင်းကလေး ကား လွမ်းဆွတ်ကြည်နူးဖွယ် ကောင်းလှတော့သည်။

မောင်သာအိုးမှာ မောမောဖြင့် အိပ်ရာဝင်ကာ တုံးတင်းသရော အိပ်လေ တော့သတည်း။

နောက်တစ်နေ့တွင် မောင်သာအိုးမှာ နားရသည်မရှိတော့ချေ။ တစ်ရွာ လုံးမှာ ဆွေမျိုးတွေ လိုလိုချည်းဖြစ်ရာ အဘိုးလေးတော်သူ၊ အဘွားလေး တော်သူများနှင့် ဘကြီး ဘထွေး၊ ဦးကြီး ဦးလေး၊ အရီးကြီး အရီးလေး၊ မိကြီး မိထွေးများကို လှည့်လည်ကန်တော့ရသည်မှာ ဖတ်ဖတ်မော၍ နေလေတော့၏။

ထိုနေ့ညနေတွင် ဆိုင်းသံ ဗုံသံတွေ ကြားရသည့်အတွက် မောင်သာ အိုးသည် အသံလာရာဆီသို့ ပြေးသွား၏။

သင်ဖြူးလိပ်များကို ဆက်ကာဆက်ကာ လုပ်ထားသည့် နဂါးရုပ်ကြီး ကို ရှေးဦးစွာမြင်ရသည်။ သင်ဖြူးလိပ်များကား နဂါး၏ကိုယ်ဖြစ်လျက် နဂါး၏ဦးခေါင်းနှင့်ပါးပျဉ်းများကို စက္ကူဖြင့်လုပ်ကာ ဆေးရေးခြယ် ထားသည်။

နဂါးရုပ်ကြီး၏နောက်တွင်မှ အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်း၊ စည်တော် ဝိုင်းစသော အတီးအမှုတ် အကအခုန်တို့ စုံလင်စွာပါ၍လာ၏။

မောင်သာအိုးသည် ထိုအတီးအမှုတ်၊ အကအခုန်တို့ကို နားထောင်၍

mgyoe.com

mgyoe.com
မငြိုး၊ ရှု၍မအီ ဖြစ်တော့သည်။

အဆိုသမားက သီချင်းဆိုခါနီးတွင် စကားဖန်လည်းထိုးသေး၏။

“ဆရာသမားကို ဖျာနဂါးနဲ့ ကန်တော့ရပါတယ်ခင်ဗျာ”

ဟုတ်သည်။ ဘုန်းကော်ကြီး ဦးပဏ္ဍိတအား တပည့်အပေါင်းတို့က သင်ဖြူးဖျာဖြင့်ကန်တော့ရန် သွားကြခြင်းဖြစ်သည်။

ယခင့် ယခင်နှစ်များကမူကား ဆရာတော်ဦးပဏ္ဍိတ၏တပည့်များသည် တစ်ဦးချင်းတစ်ယောက်ချင်း ကန်တော့ကြ၏။ ယခုနှစ်တွင်မူကား တပည့်များသည် ငွေကြေးစုဆောင်းထည့်ဝင်ကြကာ ကျောင်းတွင်လိုသော သင်ဖြူးများဖြင့်ကန်တော့ခြင်းဖြစ်သည်။ ယင်းသို့ ကန်တော့ရာတွင် လှပတင့်တယ်စေရန် အရှင်ထူးဆရာသမားကို သင်ဖြူးဖျာနဂါးလုပ်ကာ ကန်တော့ကြသည်။

မောင်သာအိုးသည် ထိုကန်တော့ပွဲအခမ်းအနားကို ကြည့်ရှုပြီးနောက် အိမ်သို့ပြန်ရောက်သောအခါ နေဝင်ပြီဖြစ်သည့်အတွက် အမေ့ကိုကူညီ ကာ ဆီမီးခွက်များ ထွန်းညှိနေ၏။

ထို့နောက် ဘွားအေကြီးကို ကူညီရပြန်သည်။ ဘွားအေကြီးကလည်း ဆီမီးခွက်များ ထွန်းညှိနေ၏။

“အမေက ဘာလုပ်မလို့တုံး”ဟု မောင်သာအိုးက မေးလိုက်၏။

“ဟဲ့ အိမ်က ပစ္စည်းတွေကိုကန်တော့ရတယ်”

ဘွားအေကြီး၏စကား ဆန်းသဖြင့် မောင်သာအိုးက စိတ်ဝင်စားစွာ ကြည့်ရှုနေသည်။

ဘွားအေကြီးသည် ဘိုးအေကြီး၏ စူးဆောက်တန်ဆာပလာ လက်သမားကိရိယာထည့်သော သေတ္တာကြီးတစ်လုံးပေါ်သို့ ဆီမီးတစ်ခွက်တင်ကာ “အလုပ်အကိုင် များများရပါစေ၊ စီးပွားလာဘ်လာဘ တိုးတက်ပါစေ” ဟု ရွတ်ဆို၏။

ထို့နောက် မီးဖိုပေါ်တွင် ဆီမီးတစ်ခွက် တင်ပြန်ကာ “ဟင်းကောင်း ကျွေးကောင်းချက်နိုင်ပါစေ” ဟုရွတ်ဆိုပြန်သည်။

တစ်ဖန် လှေကားရင်းတွင် ဆီမီးတစ်ခွက်ချကာ “နင်းရ ကျော်ရတဲ့ အပြစ်တွေကိုခွင့်လွှတ်ပါ” ဟု တောင်းပန်နေပြန်၏။

မောင်သာအိုးမှာ မနေနိုင်တော့သဖြင့် မေးလိုက်၏။
mgyoe.com

mgyoe.com


"အမေ လှေကားက အသက်မှမရှိဘဲနဲ့ တောင်းပန်ဖို့လိုသေးသလား"

"အသက်မရှိပေမဲ့ လှေကားကို တက်ရ ဆင်းရတော့ သူ့ကျေးဇူးရှိတာပေါ့။ ကျေးဇူးဆိုတာ အသက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သူ့ကျေးဇူးကို မမေ့စကောင်းဘူးကွဲ့"

မောင်သာအိုးကား ဘွားအေကြီးစကားကို နားထောင်ရင်း အသိဉာဏ်တိုးတက်ရလေတော့သတည်း။

"မြစ်ထဲမှာ မီးဖောင်မျှောမလို့တဲ့ဟေ့"

ကလေးတစ်သိုက်သည် အော်ဟစ်ရင်း မြစ်ဆိပ်ဆီသို့ ပြေးသွားကြသည်။

မောင်သာအိုးသည်လည်း ကလေးများ၏နောက်မှ ပြေးလိုက်သွား၏။

တွေ့ရလေပြီ။ မြစ်ကမ်းစပ်တွင် ငှက်ပျောတုံးများကို ဖောင်ကလေးတွေဖွဲ့၍နေကြ၏။ ထိုဖောင်များပေါ်သို့ ဆီမီးခွက်များတင်၍ ထွန်းကာ တစ်ဖောင်ပြီးတစ်ဖောင် မျှောလိုက်လေတော့သည်။

မြစ်ရိုးတစ်လျှောက်တွင် မီးစဉ်မီးတန်းကြီးသည် တရွေ့ရွေ့မျောသွားလေသည်။

ကလေးလူကြီး၊ ယောကျ်ားမိန်းမ ကမ်းလုံးညွတ်မျှကြည့်နေကြလေသည်။

လူကြီးတစ်ယောက်ကပြော၏။ "မီးအိမ်ပျံလွှတ်တာက တာဝတိံသာနတ်ပြည်က စူဠာမုနိစေတီတော်ကို မီးပူဇော်တာ။ မီးဖောင်မျှောတာကတော့ သမုဒ္ဒရာထဲမှာ သီတင်းသုံးတော်မူတဲ့ ရှင်ဥပဂုတ္တကို ပူဇော်တာ"

မောင်သာအိုးသည် မီးဖောင်တန်းကြီးကို မျက်တောင်မခတ် ကြည့်ရင်း ပီတိသောမနဿဖြစ်၍နေလေတော့သတည်း။

*

"အဖေ အိပ်ပျော်နေသလား"

မချစ်မေက မေးလိုက်သည့်အတွက် ရှေးဟောင်းနှောင်းဖြစ်တွေကို စဉ်းစားနေသော ဦးသာအိုးမှာ အစဉ်းစားရပ်သွားကာ "မအိပ်ပါဘူး သမီးရယ်" ဟု ပြောလိုက်သည်။

"ဟောဒီမယ် အဖေ၊ အိမ်နီးချင်းကလေးတွေက အဖေ့ကို ကန်တော့

mgyoe.com

mgyoe.com


ချင်လို့တဲ့"

"ဟော ဟုတ်လား"

ဦးသာအိုးက ပြောပြောဆိုဆို လဲလျောင်းနေရာမှ ထလေသည်။

ကလေးတစ်ကျိပ်ခန့်တို့သည် ဖယောင်းတိုင်ကလေးများ၊ မုန့်ကလေးများ၊ ပန်းကလေးများကိုကိုင်ကာ ဦးသာအိုး၏ခုတင်အနီးတွင် ဝိုင်းရံနေကြ၏။

"အေး ကန်တော့ကြ ကန်တော့ကြ"

ကလေးများသည် သူတို့၏ပစ္စည်းကလေးများကို ခုတင်စွန်းတွင် တင်ထားကြပြီးနောက် ပေါက်ဆိန်ပေါက်ဦးချကြသည်။

ဦးသာအိုးက– "အန္တရာယ်ကင်းပါစေ၊ အေးချမ်းပါစေ၊ မတောင့်မတ မကြောင့်မကြ၊ လိုအပ်သော ဆန္ဒနဲ့ တစ်လုံးတစ်ဝတည်း ပြည့်စုံကြပါစေ။ နိဗ္ဗာန် မဂ်ဖိုလ်ကို ရက်တိုတိုနဲ့ ရောက်ကြပါစေ" ဟု ဆုပေးလိုက်သည်။

ကလေးများ ထ၍ ပြန်တော့မည်ပြုရာ မချစ်မေက ကလေးအသီးသီး၏လက်ထဲသို့ တစ်စုံတစ်ခု ထည့်လိုက်ရာ ကလေးများသည် အူမြူးခုန်ပေါက်ပြန်သွားကြလေသည်။

"ကလေးတွေကို ဘာပေးလိုက်တာလဲ သမီး" ဟု ဦးသာအိုးက မေးလိုက်၏။

"ပိုက်ဆံပေးလိုက်တယ် အဖေ။ ကန်တော့တဲ့ ကလေးကို ပိုက်ဆံပြန်ပေးရတဲ့ ထုံးစံရှိတယ်"

"အလိုလေး . . .ကျားစားမိုးကြိုးပါကလား သမီးရယ်။ နေစမ်းပါဦး လူကြီးကို ကလေးက ကန်တော့တာလား၊ ကလေးကို လူကြီးက ကန်တော့တာလား"

"အို အဖေကလည်း တောက်တီးတောက်တဲ့မေးတော့မယ်"

"တောက်တီးတောက်တဲ့မေးတာ မဟုတ်ဘူးသမီးရဲ့၊ မေးထိုက်လို့မေးတာ။ သီတင်းကျွတ်ဝါလကျွတ်တဲ့အခါ သက်ကြီးဝါကြီးတွေကို ပူဇော်ကန်တော့ရတဲ့ မြန်မာ့ထုံးတမ်းစဉ်လာရှိတယ်။ အခုတော့ ရှိသေလေးစားလို့ ကန်တော့တာမဟုတ်ဘဲ ပိုက်ဆံလိုချင်လို့ ကန်တော့တာမျိုး ဖြစ်နေတော့ သီတင်းကျွတ်ကန်တော့ပွဲဟာ အဓိပ္ပာယ်မရှိ ဖြစ်မသွားပေဘူးလား။ ကလေးတွေက ပိုက်ဆံရအောင်၊ အမြတ်ထုတ်ရအောင် ကန်တော့ရတာ

mgyoe.com

mgoe.com
ပဲလို့ သိသွားရင် ရှိသေထိုက်သူကို ရှိသေရတယ်ဆိုတဲ့ မင်္ဂလာတရား တော်ပျက်စီးမသွားပေဘူးလား။ ရှေးမြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာကို ဖျက်ဆီးပစ်ရာမရောက်ဘူးလား။ မင်းတို့ခေတ်က အရာရာပျက်စီးနေတဲ့ ပျက်ခေတ်ပါကလားသမီးရယ်"

ကျွက်စီကျွက်စီ စကားပြောသံများကြားရသဖြင့် ဦးသာအိုး စကားဖြတ်ကာ အသံများကို နားစိုက်ထောင်မိသည်။

"အမယ်လေး မီးထွန်းပွဲသွားကြည့်ရတာ ဒုက္ခများလိုက်တာ မမရယ်။ ဒီလိုမှန်းသိရင် မသွားပါဘူး။ တိုးရဝှေ့ရတာ သေချင်စော်ကိုနံလို့။ မီးထွန်းပွဲကိုကြည့်ရတယ်လို့ မရှိပါဘူး။ တိုးရတာနဲ့ အချိန်ကုန်ခဲ့တာပါပဲ"

"ကြီးကြီး၊ ကလေးတစ်ယောက်တိုးရင်းလဲသွားတာ လူတွေ တက်နင်းကြလို့ ဆေးရုံပို့လိုက်ရတယ်"

"အလို ဟုတ်လား။ ဘုရား ဘုရား သေများသေမှာလားကွယ်"

"သေမှာနဲ့ ရှင်မှာ သေမှာက များသတဲ့မမရဲ့"

"နောက်ပြီး ရှိသေးတယ်။ ကာလသားတွေက နောက်ကြ၊ ပြောင် ကြ၊ လူတောထဲ ဖြောက်အိုးပစ်ထည့်၊ စိတ်ညစ်စရာကြီးပါ မမရယ်. . .။ အဆိုးဆုံးကတော့ တိုးဝှေ့နေကြတုန်း ကာလသားတွေက နောက်ကနေပြီး တို့ကြဆိတ်ကြတာပဲ"

"အမယ်လေး ဖြစ်မှဖြစ်ရလေကွယ် . . .၊ သီတင်းကျွတ်ပွဲတော်ဟာ တောင်ပြုန်းပွဲထက်တောင် ဆိုးနေပါပေါ့ကလား"

"ဆိုးတယ် မမ။ နောက်ပြီး ရှိသေးတယ်. . .၊ မီးထွန်းပွဲမှာ တိုးနေတုန်း အဘိုးကြီးတစ်ယောက် လုံချည်နဲ့ မိန်းကလေးတစ်ယောက် လုံချည်ကို ချိတ်နဲ့ တွယ်ထားလို့ ရန်ဖြစ်ကြသေးတယ်"

ထိုစကားများကို ကြားနေရသော ဦးသာအိုးသည် အကြီးအကျယ် စိတ်ထိခိုက်တုန်လှုပ်သွားကာ "ယော့ ယော့ တော်ကြစမ်း၊ ဒီ ကမြင်းပွဲအကြောင်း မပြောကြနဲ့တော့" ဟု အော်လိုက်လေသည်။

သားသမီးများနှင့် မြေးများသည် တိတ်ဆိတ်သွားကြ၏။

ဦးသာအိုးသည် လဲလျောင်းကာ နဖူးထက်တွင် လက်တင်လျက် ထွေထွေရာရာစဉ်းစားမိပြန်သည်။ သို့စဉ်းစားရင်း ဦးသာအိုး၏ နားထဲမှာ "ဗုံထောင်သား ဗုံထောင်သား၊ တိုင်းလုံးကျော်တဲ့ ဗုံထောင်သားကွ၊ ဗုံး
mgoe.com

mgyoe.com
ထောင်သားများကျက်သရေ၊ ကမ္ဘာသချော်ပြောလို့ မဆုံး"ဟူသော သီချင်းသံနှင့် ဗုံထောင်ခေါက်သံကလေးကို ကြားယောင်ကာ ပီတိသောမနဿ ဖြစ်မိလေသည်။

"ဆွမ်းဒါယကာ၊ ဒါယိကာမ အပေါင်းသူတော်ကောင်းတို့ဗျား။ ဆွမ်းချက်ရန် အချိန်တန်ပါပြီ။ ထကြပါတော့ခင်ဗျား" ဟူသော နိဗ္ဗာန်ဆော်ကြီး၏နှိုးဆော်သံသည် ဦးသာအိုး၏နားအနီးတွင်ကပ်၍ အော်လိုက်သလို ကြားမိတော့၏။

ဆီမီး၊ ပျားဖယောင်းမီးတို့ဖြင့် တညီးညီး တပြောင်ပြောင်တောက်လောင်ထိန်လင်းနေသော ရှေးသီတင်းကျွတ် ရုပ်ပုံကားချပ်သည်လည်း ဦးသာအိုး၏မျက်စိထဲတွင် ထင်မြင်ပေါ်ပေါက်လာသည်။ ဆွမ်းတော်ကြီးတင်ကြပုံများ၊ သံဃာတော် ဆွမ်းလောင်းပွဲ၊ ဆရာတော်ဘုန်းကြီးအားကန်တော့ကြခြင်း၊ မီးအိမ်ပျံလွှတ်ပွဲ၊ ရေဖောင်မျှောခြင်း စသည်များသည် တစ်ခုပြီး တစ်ခု ဦးသာအိုး၏မျက်စိထဲမှာ ပေါ်၍လာတော့သည်။

သီတင်းကျွတ်ပွဲတော် ဈေးတန်းမှ ဩဇာသီး၊ မာလကာသီး၊ ကရေကရာ၊ ပေါက်ပေါက်ဆုပ်၊ အနုဆုပ်နံ့ကလေးကလည်း တသင်းသင်း တပျံ့ပျံ့။

ဦးသာအိုးသည် ယင်းသို့ ထင်မြင်စဉ်းစားရင်း အိပ်ပျော်သွားရာ ငယ်စဉ်ကတွေ့ခဲ့ကြုံခဲ့၊ ပီတိဖြစ်ခဲ့သော သီတင်းကျွတ်မီးထွန်းပွဲတော်ကို တစ်ညလုံး အိပ်မက်မက်၍နေလေတော့သတည်း။

ငွေတာရီမဂ္ဂဇင်း၊ အမှတ်–၄၊ ၁၉၆၀ ခုနှစ်၊ အောက်တိုဘာလ

□

mgyoe.com

mgyoe.com

# တစ်ကျွန်းပြန်

ပေသိန်း

(၁)

သူတို့ပြန်လာကြပြီ–

သူတို့နှင့်အတူ "ဘာလဲဟဲ့ ကိုကိုးကျွန်း" "ကိုကိုးကျွန်းမှပုဒ်မ ၅" "စရာထောင်ကျွန်း" "ကိုကိုးကျွန်းဝတ္ထုတိုများ" စသော ကိုကိုးကျွန်းမှ စာပေများ ပါလာကြသည်။ သူတို့ကား ကိုကိုးကျွန်းရောက်စာပေ၏ အကျဉ်းသမားများဖြစ်ကြသည်။ စစ်ပြီးစက ဆရာဦးဘသောင်း (ဗိုလ်ကြီး ဘသောင်း) ရေးသော "တစ်ကျွန်းသို့" စာအုပ်ကိုဖတ်ဖူးသော ကျွန်တော့်အား စာပေ၏အကျဉ်းသမားများရေးကြသော ကိုကိုးကျွန်းစာပေများသည် လည်းကောင်း၊ ကျောင်းသုံးစာအုပ်များဖြစ်ကြသော 'ရတနာသိုက်ကျွန်း' 'သန္တာကျွန်း' စာအုပ်များသည်လည်းကောင်း တစ်ကျွန်း ရောက်ခဲ့ဖူးသော ကျွန်တော့်အား ပြန်၍ တအုံ့နွေးနွေးစမြုံ့ပြန်စေပါသည်။

(၂)

၁၉၅၇ ခုနှစ်တုန်းကဖြစ်လေသည်။

ကျွန်တော်သည် MRA (ကမ္ဘာ့စာရိတ္တပြုပြင်ရေးအဖွဲ့ကြီး)က ဖိတ်ကြားချက်အရ အမေရိကန်ပြည်ရှိ ကျွန်းကလေးတစ်ကျွန်းသို့ ထွက်ခဲ့သည်။

mgyoe.com

mgyoe.com
ကျွန်တော်တို့အဖွဲ့တွင် ဦးထင်လျောင်(အစိုးရပုံနှိပ်ဌာန)နှင့် ၎င်း၏ဇနီး ဒေါက်တာ ဒေါ်ညိမ်းမေတို့ပါဝင်သည်။ ဦးထင်လျောင်မှာ အဖွဲ့ခေါင်းဆောင်ဖြစ်၍ သူခေါ်ရာသို့ ကျွန်တော့်မှာ အူကြောင်ကြောင်နှင့်ပင် လိုက်ခဲ့ရသည်။

ရှေးဦးစွာ ကျွန်တော်တို့သည် လန်ဒန်မြို့၊ ထို့နောက် နယူးယောက်မြို့ကို ဖြတ်ကျော်ခဲ့ပြီး ဒက်ထရွိုက်မြို့သို့ ရောက်လာခဲ့ကြသည်။

ဒက်ထရွိုက်လေဆိပ်သို့ ရောက်လျှင်ရောက်ချင်း "ကျွန်တော်တို့ ဒက်ထရွိုက်မြို့ထဲ သွားကြမယ်။ အဲဒီက မီးရထားစီးမယ်" ဟု ဦးထင်လျောင်က ဆိုသည်။ ကျွန်တော်တို့ကား ဒက်ထရွိုက်မြို့သို့ ကားဖြင့် ယွန်း ခဲ့သည်။

ဒက်ထရွိုက်မြို့သို့ ရောက်လေပြီ။ ကားတွေ ကားတွေ၊ ဘယ်နေရာကြည့်ကြည့် မော်တော်ကားတွေချည်း။ ကော့ ကော် ကံ ကား ကားတွေ။ ဖင်လန် ခေါင်းချွန်းသောကား၊ ခေါင်းလန် ဖင်ချွန်းသောကား၊ တချို့ကားကြီးများ၏စက်ခေါင်းကြီးများမှာ ဒသဃဂီရိဘီလူးခေါင်းနှင့်ပင် တူလှသည်။ တချို့ကား အရိုးခေါင်းကြီးနှင့် တူသည်။ တချို့မှာ ဒရက်ဂူလာနှင့် တူသည်။

ဤဒက်ထရွိုက်မြို့သည် မီချီဂန်ပြည်နယ်၏ မြို့ကြီးဖြစ်သည်။ မီချီဂန်ပြည်နယ်သည် အမေရိကန်ပြည်ထောင်စု၏စက်မှုလုပ်ငန်း ဗဟိုအချက်အချာဖြစ်ရာ ဒက်ထရွိုက်မြို့ကြီးသည်လည်း စက်မှုလုပ်ငန်းမြို့ကြီးတစ်မြို့ဖြစ်၏။ ဤစက်မှုလုပ်ငန်းမြို့ကြီးသည် ကားတွေ၊ ကားတွေ၊ ကားတွေ မွေးထုတ်ရာ 'ဒပ်ဖရင်' ကြီးဖြစ်သည်။ သူတို့အဆိုအားဖြင့် လေးဆယ့်ရှစ်စက္ကန့်တွင် တစ်စီးကားမွေးထုတ်သည်ဟုဆိုသည်။

ဤမျှ ကားတွေပေါများလှသော မြို့တွင် အူကြောင်ကြောင်နှင့်လမ်းဖြတ်ကူးခဲ့ရသော ကျွန်တော့်မှာ မကြာခဏပင် ကားများအကြား၌ ခုန်ဆွခုန်ဆွနှင့် ရှော့အင်ရိုး ကသကဲ့သို့ ရှောင်ရ တိမ်းရသည်မှာ အမောပင်။

(၃)

ကျွန်တော်တို့သည် ဒက်ထရွိုက်မြို့တွင် ကြာရှည်နေခွင့်မရ။ တစ်ကျွန်းသို့ အမြန်ယွန်းရမည်ဖြစ်ရာ မက္ကိးနောမြို့သို့ မီးရထားဖြင့် တစ်ဆင့် စီးသွားရဦးမည်။ ဟော ပြောရင်းဆိုရင်း ကျွန်တော်တို့ မီးရထားပေါ် ရောက်ပါပြီ။ ဘူတာရုံတွင် မီးရထားတွေ၊ မီးရထားတွေ တယ်လည်း များလှချည်လား။
mgyoe.com

mgyoe.com
မီးရထားတွဲတွေအပေါ်တွင် မော်တော်ကားတွေ တင်ထားလိုက်သည်မှာလည်း အများကြီး။ တယ်လည်းများနိုင်တဲ့ကားတွေ။ အမြို့မြို့ အနယ်နယ် အပြည်ပြည်သို့ တင်ပို့ရန်ဖြစ်သည်။

ကဲ မက္ကီးနော မြို့ကလေးသို့ ရောက်ပါပြီ။ အဲဒီမှာလည်း မြို့နဲ့ မလိုက်အောင် ကားတွေ. . . ကားတွေ. . . ကားတွေ များလှချည်ကလား။

ဤမြို့ကလေးမှတစ်ဆင့် တစ်ကျွန်းသို့ ကူးတို့သင်္ဘောစီးရဦးမည်ဟု ခရီးစဉ်ရေးဆွဲခဲ့သော ဦးထင်လျောင်က ဆိုသည်။ ကျွန်တော်ကား ဘုမသိဘမသိဘဲ သူတို့လင်မယားဦးဆောင်ရာသို့ လိုက်ခဲ့ရသည်။ သင်္ဘောသည် အိုင်ကြီးတွင် ခုတ်မောင်းသွားရမည်။ ရေပြင်ပေါ်သို့ ကြည့်လိုက်တိုင်း သင်္ဘောကြီးများသည် မော်တော်ကားတွေကိုတင်ပြီး သွားလာနေသည်ကိုတွေ့ရသည်။ ဤမျှ များပြားလှသော မော်တော်ကားများသည် ရေ၊ မြေ၊ တောတောင်ဟူသမျှ သူတို့ချည်း လွှမ်းမိုးနေရှာသလား . . .။ တစ်လောကလုံးသည်လည်း မော်တော်ကားစက်သံ တဖွတ်ဖွတ်၊ တဝီဝီ. . .။ ဟွန်းသံ တဂီဂီ တတီတီနှင့် ဆူညံလှပေါ့တကား. . .။

(၄)

ကျွန်တော့်ကို တင်ဆောင်လာသော သင်္ဘောသည် ကမ္ဘာကျော် အမေရိကန်ပြည်၏ အိုင်ကြီးငါးအိုင်(ဇူပီးရီးရား၊ မီချီဂန်၊ ဟူရွန်၊ အီရီနှင့် အွန်တာရီအို)မှ အိုင်ကြီးတစ်အိုင်ဖြစ်သော "ဟူရွန်" အိုင်ကြီးထဲတွင် လှိုင်းလုံးကြီးများကြားဖြတ်သန်းခုတ်မောင်း သွားနေသည်။ အိုင်ကြီးများဟုဆိုသော်လည်း စင်စစ် ပင်လယ်ကြီးများပင်ဖြစ်သည်။ ဆောင်းအခါတွင် သင်္ဘောများသွားလာ၍မရ။ ရေပြင်တစ်ခုလုံးသည် ရေခဲပြင်ကြီး ဖြစ်သွားသောကြောင့် လေယာဉ်ပျံများပင် ဆင်းသက်နိုင်သောကြောင့် လေယာဉ်ပျံများနှင့်ပင် သွားလာနိုင်သည်ဟု ဒေါက်တာ ဒေါ်ညိမ်းမေက ရှင်းပြသည်။

နှစ်နာရီခန့် ခုတ်မောင်းလာသော ကျွန်တော်တို့သင်္ဘောသည် ကျွန်တော်၏ခရီးစဉ်အဆုံးဖြစ်သော တစ်ကျွန်းသို့ထိုးရပ်လိုက်ပါသည်။ "ဤကျွန်းကို မက္ကီနောကျွန်းဟု ခေါ်ဝေါ်သတည်း" ဟု ဦးထင်လျောင်က ပြောပြသည်။ ကျွန်းကလေးကား သာယာလှသည်။ ကြည်နူးလှသည်။

ကျွန်တော်သည် ကျွန်းမြေပေါ်သို့ နင်းလိုက်ရာ ကျွန်တော်၏ဖိနပ်ခွာ
mgyoe.com

mgyoe.com
သံသည် အလွန်ကျယ်သွားသည်။

"ဒီကျွန်းကလည်းဗျာ၊ ဖိနပ်ခွာသံတယ်ကျယ်ပါကလားဗျာ" ဟု ကျွန်တော်က ပြောလိုက်ရာ ဦးထင်လျောင်က–

"ဟေး သေသေချာချာကြည့်ပြီး သေသေချာချာနားထောင်စမ်းပါဦး ကွာ။ ဖိနပ်သံတွေဟာ မြင်းခွာသံတွေနဲ့ရောနေလို့ပါ" ဟုရှင်း၏။

"ဟုတ်တယ်ရှင့် ဒီကျွန်းကလေးမှာမြင်းလှည်းချည်းပဲ။ မော်တော်ကား ဆိုတစ်စီးမှမရှိဘူးတဲ့ရှင့်" ဟုဒေါက်တာဒေါ်ညိမ်းမေက ရှင်းလိုက်ပြန် သည်။

"ဟောဗျ မော်တော်ကားတစ်စီးမှ မရှိဘူး ဟုတ်လား၊ အားလုံးမြင်း လှည်းတွေချည်းပေါ့နော်"

ကျွန်တော်ကား ပြောပြောဆိုဆိုနှင့်ပင် – "မမတို့မော်ရွှေမြိုင်၊ ဘုံပြတ်ခေါ် မြင်းလှည်းကလေးနဲ့. . ." ဟူသော သီချင်းကိုရေးစပ်၍ ဆိုပြလိုက်ချင်တော့ သည်။ (သည်းခံပါခင်ဗျာ အဲဒီတုန်းက ဒီသီချင်းမပေါ်သေးဘူးဗျ) ဟုတ်ပါ သည်။ ဘယ်ကြည့်ကြည့်မြင်းလှည်းတွေ– မြင်းလှည်းတွေ . . .၊ လှည်းကို အရောင်အမျိုးမျိုး ခြယ်ထားကြသည်။ အမိုးကလေးများ မှာလည်း ရောင်စုံ အမျိုးမျိုးနှင့်။ မြင်းတစ်ကောင်ဆွဲလှည်း၊ နှစ်ကောင်ဆွဲလှည်း၊ လေးကောင်ဆွဲ လှည်း စသည်တွေ့ရသည်။ ဘုရားစူးရစေရဲ့ သုံးဘီးကားဆိုတာ ကြားဖူး ပေမဲ့ မြင်းသုံးကောင်ဆွဲတဲ့လှည်းတော့ မတွေ့ခဲ့ဘူးခင်ဗျ။

"ကားတွေကြည့်ရတာ မျက်စိနောက်လာသလောက် ဒီရောက်တော့ တစ်မျိုးပဲနော်" ဟု ကျွန်တော်ကပြောရာ ဒေါက်တာ ဒေါ်ညိမ်းမေက "ဒါ ပေါ့ရှင်။ အမေရိကန်တစ်တိုက်လုံး ကားတွေများလွန်းလို့၊ ကားတွေ သောင်း ကျန်းလွန်းလို့၊ ကားအန္တရာယ်ကြောင့် အသေအပျောက်များလို့ ဒီကျွန်း ကလေးက ကားမဝင်ရလို့ တားမြစ်ပြီး မြင်းလှည်းကလေးတွေချည်းသာ သွားလာခွင့်ပြုထားတာရှင့်။ ဒါကြောင့် ဒီကျွန်းကလေးကို ငြိမ်းချမ်းရေး ကျွန်းကလေးလို့ ခေါ်ရမှာပေါ့ရှင်" ဟုရှင်းပြသည်။

"ဟုတ်တယ် ကြည့်လေ။ ဘယ်လောက်ဆိတ်ငြိမ်တဲ့ ကျွန်းကလေး လဲ လို့" ဦးထင်လျောင်က ဖြည့်စွက်လိုက်သည်။

"ဆိတ်ငြိမ်လို့လည်း သူတော်ကောင်းတွေရဲ့ မွေ့လျော်ရာအဖြစ်နဲ့ MRA အဖွဲ့ကဒီကျွန်းကလေးလာပြီး လူတွေကိုပြုပြင်ဖို့ သင်တန်းပေး

mgyoe.com

mgyoe.com
တာပေါ့ရှင်”

“ဩော် မိုးညှင်းရိပ်သာတို့၊ စစ်ကိုင်းချောင်တို့လိုပေါ့နော်”

ဟု ကျွန်တော်က ဝင်ထောက်လိုက်သည်။

“ဒီလို ဒီကျွန်းကလေးကနေပြီး MRA က လူတွေကိုပြုပြင်ပေးနေပေမဲ့ အများအားဖြင့်ကတော့ ဒီကျွန်းကလေးကိုလာပြီး ပျော်ပွဲစား ထွက်ကြတာပါပဲဗျာ” ဟု ဦးထင်လျောင်က ဆိုလိုက်ရာ . . .

“ဟုတ်လား ဒီလိုဆို ကျွန်တော့်လိုပေါ့။ ကျွန်တော်လည်း ရန်ကုန်မှာတုန်းက သံလျင်ကျောက်တန်းဘက်သွားပြီး ရေလယ်ဘုရားဘက်ကူး၊ ဘုရားဖူးရင်း လိပ်ဥလည်း တူးရင်း၊ တူးလည်းတူး မူးလည်းမူးပေါ့ဗျာ။ ဟဲ ဟဲ” ဟု ကျွန်တော်က ဟဲပြလိုက်ပါသည်။

“အေး ဒါကြောင့် မင်းကို ချွတ်မလို့ ဒီကျွန်းပို့လိုက်တာကွ” ဟု ဦးထင်လျောင်ကြိမ်းမှ ကျွန်တော်ပုသွားပါတော့သည်။

“ဒီမှာရှင့် ဒီကျွန်းမှာ မော်တော်ကားမရှိဘူးဆိုပြီး အတင့်ရဲပြီး လမ်းလယ်က မလျှောက်နဲ့ရှင့်။ ရှင်အမေရိကန်ကလာပြီး ကားတိုက်လို့ မသေ၊ မြင်းလှည်းတိုက်လို့ သေရှာတယ်ဆိုရင် မြန်မာ့ရာဇဝင်ရိုင်းသွားလိမ့်မယ်” ဟု ဒေါ်ညိမ်းမေပြောသော်လည်း ကျွန်တော်ကား လမ်းလယ်ကပင် လျှောက်ပါသည်။ ကျွန်တော့်ဘွတ်ဖိနပ်သံသည် မြင်းခွာသံတွေနှင့်အတူ အချက်ကျကျလှမ်းနေခိုက် ဂီး . . .ခနဲ မော်တော်ကား ဟွန်းသံကြားရာ ကျွန်တော်သည် ကြောက်အားလန့်အားနှင့် ပလက်ဖောင်းပေါ်သို့ ခုန်တက်လိုက်ပါသည်။ ထို့နောက် အချက်ပိုင်ပိုင်နှင့် ဦးထင်လျောင်နှင့် ဒေါ်ညိမ်းမေတို့ကိုအုပ်ရန်–

“ဟင်ဒီကျွန်းမှာ ကားမရှိဘူးဆို၊ အခုနဟာ ဟာ ဘာသံလဲ။ ကဲလေ ခင်ဗျားတို့ ကျွန်တော့်ကို သက်သက်ဖြီးတဲ့လူတွေပဲ” ဟုနှက်လိုက်သည်။

“ဟုတ်တယ်လေ၊ အဲဒါကားဟွန်းသံပေါ့ရှင့်၊ ဘာဖြစ်သလဲ”

“ဟောဗျ ဒုက္ခပါပဲ၊ ကားမရှိဘူးလည်း ဆိုသေးရဲ့”

“ဟိုမှာရှင့်” ဒေါ်ညိမ်းမေ၏ လက်ညှိုးညွှန်ရာသို့ ကျွန်တော်ကြည့်လိုက်သည်။

“ဟောဗျ ကားမှ အစစ်၊ မော်တော်ကားဗျ။ အဲဒါ ခင်ဗျားတို့ ဘာငြင်းဦးမလဲ”
mgyoe.com

mgyoe.com


"ဟုတ်တယ်လေ မငြင်းပါဘူး။ ရှင့်ကားတော့ ကားပေါ့၊ ဒါပေမဲ့ မီးသတ်ကားရှင့်။ အရေးအကြောင်းကျရင် သုံးဖို့ ချွင်းချက်နဲ့ထားတာ" ဟု ဒေါ်ညိမ်းမေရှင်းတော့မှ ကျွန်တော့်မှာ အူတူတူဖြစ်သွားသည်။

"အေး မင်း မကျေနပ်သေးရင် မြင်းလှည်းအတိုက်ခံလိုက်ပါလား။ လူနာတင်ကားအတွက်လည်း ဒီမှာချွင်းချက်နဲ့ အရေးပေါ်စီမံထားတာ ရှိသေးတယ်" ဟု ဦးထင်လျှောင်က ဆိုလိုက်ရာ ကျွန်တော့်မှာ အူလည်လည်ဖြစ်သွားတော့သည်။

## (၅)

ကျွန်တော်ကား သူတို့အပြောနှင့်ပင် ဤကျွန်းကလေးကို အတော်သဘောတော်မွေ့နေသည်။ ထို့ကြောင့် ကျွန်တော့်စိတ်ထဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွက် စီမံကိန်းအမျိုးမျိုးရေးဆွဲလိုက်ပါတော့သည်။

"ကျွန်တော်သာ မြို့မင်းကြီးဖြစ်ရင်လေ" အစချီလိုက်ခါရှိသေး–

"တယ်ကြီးကျယ်တဲ့ အကောင်ပါလား" ဟု ဦးထင်လျှောင်တို့ လင်မယားကျွန်တော့်အား မျက်စောင်းထိုးကြတော့သည်။

"ဟုတ်တယ်လေ ကျွန်တော်သာ မြို့မင်းကြီးဖြစ်ရင် ဥက္ကလာပမြို့သစ်တည်မယ်၊ သာကေတမြို့သစ်တည်မယ်"

"ဦးထင်လျှောင်တို့ကား အတော်ဦးနှောက် ခြောက်သွားဟန်တူသည်။ (သူတို့ ဦးနှောက်ခြောက်သွားသလို စာရှုသူတို့လည်း ဦးနှောက်ခြောက်ရာပေလိမ့်မည်။ ကျွန်တော်တို့ အမေရိကန်သို့သွားစဉ်က ၁၉၅၇ ဆိုတော့ဖဆပလခေတ်ပဲ ရှိပါသေးသည်။)

"ဟုတ်တယ် ကျွန်တော် ဥက္ကလာပမြို့သစ်နဲ့ သာကေတမြို့သစ်တည်ပြီးရင် ဥက္ကလာပမြို့တော်ကို ဆိုက်ကားမြို့တော်လုပ်ပေးလိုက်မယ်။ ကားမဝင်ရ။ သာကေတမြို့ကိုတော့ မြင်းလှည်းမြို့တော်လုပ်ပေးလိုက်မယ်။ ကားတွေမလာရ။ ဒါမှ ရန်ကုန်မှာ ဖြစ်နေတဲ့မြင်းလှည်းအရေးတော်ပုံနဲ့ ဆိုက်ကားပြဿနာကို ဖြေရှင်းလို့ရမှာဗျ" ဟု ကျွန်တော်၏စီမံကိန်းကို ပြောပြသည်။

"ဟော့ မင်းပြောတာ ငါတို့နားမလည်ဘူး။ မင်းဘာတွေ လျှောက်ပြော

mgyoe.com

mgyoe.com
နေတာလဲ” ဦးထင်လျှောင်က ဟောက်လိုက်သည်။ သို့သော် ကျွန်တော်ကား အရှိန်မသေ။

“ပြီးတော့ မြန်မာ့ယဉ်ကျေးမှုမိခင်ရဲ့ မြေဖြစ်တဲ့ ပုဂံနဲ့ညောင်ဦးမှာလည်း ကားတွေမဆွဲရ၊ လှည်းယဉ်ကလေးတွေပဲ ပြေးစေ။ ပြီးတော့ မမတို့ မော်ရွှေမြို့မှာလည်း ကားမပြေးရ၊ ဘုံပြတ်ကလေးတွေပဲ ဆွဲစေ။ ဒါပေမဲ့ တိုးတက်တဲ့ ခေတ်နဲ့ရင်ဘောင်တန်းနိုင်အောင်တော့ ဘီးတွေမှာ တာယာဘီးတွေ တပ်စေရမှာပေါ့။ အခုမြန်မာပြည်မှာ ၄ ဘီးကားတွေ၊ ၆ဘီးကားတွေ၊ ၁၂ ဘီးကားတွေစသဖြင့် ကားတွေအမျိုးစုံဖြစ်လာတော့ အနေးယာဉ်တွေ ဒုက္ခဖြစ်ကုန်မှာ စိုးရတယ်။ ဒါကြောင့် ပြည်သူလူထုကို “ကားကြီးစီးမှ ဖိမ်ကျတာမဟုတ်ပါဘူး၊လှည်းကလေးကလည်း တစ်မျိုးဖိမ်ပါပဲ” ဆိုတဲ့ ခံစားမှုအရသာတစ်မျိုးကို ပေးချင်လို့ဗျ။ ပြီးတော့ အဲဒီဆိုက် ကားတို့ မြင်းလှည်းတို့ နွားလှည်းတို့ကို ခနော်ခနဲ့ လုပ်မထားရဘူး။ သပ်သပ်ရပ်ရပ် လှလှပပနဲ့ အရောင်စုံကလေးတွေခြယ်ထားရမယ်။ ဘီးကို တာယာဘီးပဲ သုံးခွင့်ပြုမယ်။အိစက်ညက်ညောတဲ့ ကူရှင်ကလေးတွေလည်း ရှိစေရမယ်။ ပြီးတော့ ပြီးတော့ ဘာကျန်သေးသလဲဆိုတော့ သြော် အားလုံး မီတာတပ်စေရမယ်”

“မင်းနှယ် အနေးယာဉ်မီတာ တပ်ရတယ်လို့ ဘယ်မှာကြားဖူးသလဲကွ။ မင်းစိမံကိန်းတွေက လွန်လွန်းပြီ။ တော်တော်အချိန်မရှိဘူး၊ ကဲ မြင်းလှည်းစီးရအောင်”ဦးထင်လျှောင်သည် ကျွန်တော့်အား မြင်းလှည်းပေါ်သို့ဆွဲတင်ရာ ကျွန်တော့်စိမံကိန်း တစ်ပုံတစ်ခေါင်းကြီးသည် ဤကျွန်းကလေးရှိ လမ်းဘေးတစ်နေရာတွင် ကျန်ရစ်ခဲ့တော့သည်။

“မြင်းလှည်းကလေးနဲ့တူ ပျော်ပျော် ဘုရားပွဲတော် သွားစို့နော် × × × ချစ်ဖော်ချစ်ဖော် × × × ”ဟူသော သီချင်းသံကလေးသည် ကျွန်တော်၏လျှာခင်ကြားထွက်လာသော အသံမဟုတ်ပါ။ ဒေါက်တာ ဒေါ်ညိမ်းမသည် သူ၏ချစ်ဒါလင် × × × ဒါလင်ချစ် ဦးထင်လျှောင် အနားသို့ ကပ်၍ ညည်းလိုက်သော အသံကလေးသာဖြစ်ပါတော့သတည်း။

ငွေတာရီမဂ္ဂဇင်း၊ အမှတ်–၄၊ ၁၉၆၀ ခုနှစ်၊ အောက်တိုဘာလ။

❐

mgyoe.com

mgyoe.com

# ကောလိပ်စိန်

သော်တာဆွေ

အထက်ပါ ခေါင်းစဉ်အတိုင်း 'ကောလိပ်စိန်' ဟု ဆိုလိုက်တော့ ဘယ့်နှယ်လူထုဒေါ်အမာက "ပြည်သူချစ်သော အနုပညာသည်များ" စာအုပ်ထဲတွင်ရေးပြီးနေပါပကော၊ ဒါကိုပဲ သော်တာဆွေက ထပ်ကူးပြီး "သူများ ပုဆိုးငှားဝတ်" ဆိုဘိသို့ ဒေါ်အမာ ထဘီကိုများယူဝတ်ဦးမှာလား။ သို့မဟုတ် ဒေါ်အမာရေးရာတွင် မပါခဲ့သည်များကိုပင် ထပ်မံထုတ်ဖော်လေမည်လော . . . သို့လော သို့လော တွေးတောဖွယ်ရှိနေ၏။

ဟီး– ဟိ လုံးဝမဟုတ်ချေတကား။

ယခု ကျွန်တော်ရေးမည့် ကောလိပ်စိန်ကား ပြည်သူချစ်သော ကချေသည် မင်းသမီးကောလိပ်စိန် မဟုတ်ချေတကား။ ယင်းအမည်ကို မဆီမဆိုင် ဘယ်သူကများ စတင်ကင်ပွန်းတပ်လိုက်သည် မသိရသော ခေါက်ဆွဲဆိုင်ရှင် တရုတ်မ ကောလိပ်စိန်သာလျှင် ဖြစ်ချေ၏တကား။

ထိုကောလိပ်စိန်ကို ကျွန်တော်သည် ဂျပန်ခေတ်မြင်းလှည်းမောင်းနေစဉ်၌ သိကျွမ်းခင်မင်ခဲ့ရပေသည်။ ယင်းအချိန်၌ ရန်ကုန်မြို့လယ်ကောင်သည် သိမ်ကြီးဈေးတစ်ဝိုက်ကလေးမှလွဲ၍ တိတ်ဆိတ်ခြောက်နေလျက်

mgyoe.com

mgyoe.com
ဗဟန်းရပ်ကွက်မှာ သွားပြီး အစည်ကြီး စည်ကားနေသကဲ့သို့ ကျွန်တော်တို့စမ်းချောင်းအရပ်လည်း အစည်လေး စည်ကားခဲ့ပါ၏။

ဗားကရာလမ်းနှင့် ရှမ်းလမ်းဆုံကို ဗဟိုပြု၍ ကြည့်လိုက်ပါ။ အရှေ့အနောက် တောင်မြောက် လေးဖြာစလုံးမှာ စားသောက်စရာ တရုတ်၊ ကုလား၊ မြန်မာဆိုင်များ စီတန်းလျက် ရှိပါ၏။

အနောက်တောင်ထောင့် ဘုန်းကြီးကျောင်းရှေ့ ရှမ်းလမ်းဘက် မျက်နှာစာမှာ ကျွန်တော်တို့၏ မဟာမြင်းလှည်းဂိတ်၊ မြင်းများရပ်နားရာ။ ထိုမှတောင်ဘက်သို့ မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ ဂျင်းသုပ်၊ လက်ဖက်စသော မြန်မာစားသောက်ဆိုင်ငယ်များ၊ ဗားကရာဘက်မျက်နှာစာမှု ဟာမက်ကြီး၏ ဒံပေါက် ထမင်းဆိုင်ကြီး။ ခပတ်၊ ပလာတာ၊ စမူဆာနှင့် ကုလား ဟင်းလျာများအစုံရ၏။ ထိုမှ အနောက်ဘက်သို့မူ ၉ ထပ်ကြီးဘုရား။ ဟိုဘက်ယွန်းသည်အထိ မော်တော်ကားတာယာ အဟောင်းများမှ ပြုလုပ်သည့် ယင်းခေတ်တွင် မြန်မာတစ်ပြည်လုံးကိုတင်ပို့ရောင်းချရသော ရော်ဘာဖိနပ်ပုံစံအမျိုးမျိုးများနှင့်မြင်းလှည်း၊ စက်ဘီး၊ ဆိုက်ကားတို့၏ ဆောလစ်တာယာလုပ်ငန်းဆိုင်များ တန်းလျားရှည်ကြီးဖြစ်တော့၏။ (ယခုပင်လည်း ဆိုင်အချို့ရှိနေပါသေး၏)

အနောက်မြောက်ထောင့်တွင်မူ ဗားကရာလမ်းဘက်မျက်နှာစာမှာ 'နီပွန်မြန်မာပျော်ပွဲစားရုံကြီး' တဲ့။ အင်္ဂလိပ်ဟင်းလျာများပါ ရနိုင်သည်ဆို၍ ပျဉ်ပျားတစ်ချပ်၌ ရေးထားသည်ကတော့ ကြက်သားဘီးစတိတ်၊ ဝက်သားဘီးစတိတ်၊ ဘဲသားဘီးစတိတ်တဲ့။ အမဲသားဘီးစတိတ်ကော မရနိုင်ဘူးလားမေးတော့''ဟာ ကြံကြံဖန်ဖန်ဗျာ . . . အမဲသားကို ဘီးစတိတ် လုပ်လို့ဘယ်ကောင်းမလဲ'တဲ့။ မြန်မာဆိုင်ဖြစ်၍ မြန်မာစားတော်ကဲများ ချက်ပြုတ်သည်ဖြစ်ရာ ဝက်သား ဘီးစတိတ်တစ်ခွက်မှာလိုက်ပါအံ့။ ဝက်သားနုပ်နုပ်စဉ်းကို ဘဲဥကော်ရည်နှင့်ချပ်ပြားဖြစ်အောင် ကြော်ပေးလိမ့်မည်တည်း။ ဘာတုံး . . . တရုတ်အခေါ် တောက်တောက်ကြော်ပေါ့ခင်ဗျာ။

အဲ. . .ယင်းထောင့်ရှမ်းလမ်းမျက်နှာစာ၌မူ ကျွန်တော်တို့ စမ်းချောင်းရပ်ကွက်တွင်အချမ်းသာဆုံး၊ ဝင်ငွေအကောင်းဆုံး အဓိပတိကြီး ဒေါက်တာဘမော်သမီး မင်္ဂလာဆောင်တုန်းကတောင် သူ့ဆီက ငွေဖလား၊ ငွေကွမ်းအစ်၊ ငွေလင်ပန်းတွေ ငှားရတယ်ဟု ဥပမာစကားတင်စားပြောကြားရသော သူဘ
mgyoe.com

m gyee.com


ရာဇာခေါင်း ဦးလူလေး၏ အင်္ဂလိပ်၊ မြန်မာ၊ တရုတ်ခေါင်းပုံ အမျိုးစုံရနိုင်သည့် ဆိုင်ကြီးခင်ဗျာ။ မသာကို မြင်းလှည်းနှင့်ချချင်သလား၊ မော်တော်ယာဉ်နှင့်လား၊ သူ့ဈေးအလိုက်ကြိုက်တာရမည်။

အရှေ့မြောက်ထောင့် ဦးလူလေးရပ်ကွက်နှင့် မျက်နှာချင်းဆိုင်မှာ ပဲကြော်၊ ဘူးသီးကြော်စသည့်အကြော်ဆိုင်တွေ။ ဗားကရာလမ်းထောင့်မျက်နှာစာ၌မူ 'မတုပနိုင်သော တို့ဗမာရသာရုံ စားသောက်ဆိုင်ကြီး တရုတ်မြန်မာဟင်းမျိုးစုံရနိုင်သည်'တဲ့။ ဆိုင်းဘုတ်မှာ ကြီးကြီးရှည်ရှည်ကြီး အနံ ၅ ပေ၊ အလျား ပေ ၂၀ လောက် ရှိမယ်။ ခနိမိုးတံစက်မြိတ်ပေါ်မှာတင်ထားတာ။ မြန်မာအိမ်ထောင်စုတစ်ခုက ဖွင့်လှစ်တာပဲ။ မြန်မာထမင်း ဟင်းတော့မဆိုးလှပါဘူး။ အဲ တရုတ်ဟင်းလျာကျတော့ ဘဲကင် ဘယ်လိုလုပ်သနည်း။ ဘဲတစ်ကောင်လုံးပြုတ်ပြီး ဘဲကင်ရောင်တရုတ်ဆေးနီဆိုးထား၏။ ဝက်သားကင်လည်း ထိုနည်းပဲ။ အဲဝက်ခေါက်ကင်ကျတော့ ဝက်နံ့ပတ်သားပြုတ်ဆေးသုတ်ပြီး တကယ်ပဲ အခေါက်ဘက်ကို မီးကျည်ခဲပေါ်မှာ ငါးခြောက်ကင်သလို ကင်ထားပါသေးခင်ဗျာ။ နို့. . .တရုတ်လိုမှ မကင်တတ်ဘဲကိုး။ ဒါကြောင့် 'မတုပနိုင်သောတို့ဗမာ'လို့ သူ့ဆိုင်ကို နာမဝိသေသနပြုတာဟု ယူသော်လည်း ရနိုင်၏ခင်ဗျား။

ဒါပေမဲ့ သူ့ဆိုင်မှာလူစည်တယ်၊ အမျိုးသမီးတွေထက် အမျိုးသားတွေ ပိုကြိုက်ကြတယ်။ ဘာကြောင့်လဲ မိတ်ဆွေစဉ်းစားကြည့်စမ်း။ သိလား၊ မသိရင် တိုးတိုးပြောမယ်။ "ချက်အရက် တိတ်တိတ်ပုန်းရောင်းလို့ဗျို့"

အဲသည်တော့ ဒီနေရာမှာ တရုတ်ဆိုင်အစစ် မရှိလို့လားတဲ့။ ရှိပါတယ်ခင်ဗျာ၊ တရုတ် လန်ဘားဆိုတာဟာ အင်္ဂလိပ်ခေတ် ကျွန်တော်တို့ကျောင်းသားဘဝကတည်းက အဲဒီစမ်းချောင်းထိပ်မှာ ထမင်းတစ်လုံးတစ်ပြား၊ အခေါက်ကင်၊ အသားကင်၊ အမဲကင် ကြိုက်ရာစား တစ်ပွဲနှစ်ပြား၊ တခြားချက်ပြီးကြော်ပြီး ဟင်းလျာတွေလည်း တစ်ပန်းကန် နှစ်ပြားပဲ၊ ဆာဒါးဟင်းချို၊ ကြက်သွန်ချဉ် အလကားနှင့် ပိုက်ဆံသုံးပြားရှိရင် ထမင်းစားနိုင်တဲ့ခေတ်ကတည်းက ရောင်းချလာခဲ့တာ။ မြန်မာမနဲ့ အိမ်ထောင်ကျပြီး သူတခြားပြောင်းမသွားပါဘူး။ အခု မတုပနိုင်သော ဆိုင်ကြီးနံဘေးမှာ ထွက်လျက်ပါပဲ။

အဲ ၎င်းတို့နှင့် မျက်နှာချင်းဆိုင် အရှေ့တောင်ထောင့် ဗားကရာလမ်း

mgyee.com

mgyoe.com
မျက်နှာစာမှာတော့ ကျွန်ုပ်တို့ မဟာမြင်းလှည်းသမားတို့၏ မဟာမြင်း သံခွာရိုက်ရာ၊ မဟာမြင်းမွေးထိုးရာ၊ မဟာမြင်းစာဝယ်ရာ ရိုးဖြတ်စဉ်းနှင့် ဖွဲနုဆိုင်ကြီးခင်ဗျာ့။ ထိုမှ ရှမ်းလမ်းဘက်မျက်နှာစာမှာတော့ ယခုတိုင် ကျော်စောထင်ရှားလျက်ရှိပါသော ဒေါ်အမာထမင်းနှင့် မုန့်ဟင်းခါးဆိုင် ပါပဲခင်ဗျား။

ကဲ ဟဲဟဲ ကောလိပ်စိန်မထွက်ခင် ခြေဆင်းပတ်ပျိုးကတော့ တော် တော်ကလေးရှည်သွားပြီ။ တစ်နည်းအားဖြင့်လည်း ဒါဟာ ရေးမယ့်ဇာတ် လမ်းအခြေခံပေါ့ဗျာနော်။

အခုန ဖော်ပြခဲ့တဲ့ ဆိုင်တွေဟာ စမ်းချောင်းရပ်ကွက်စပြီး စည်ခါစမှာ ပထမပေါ်လာတဲ့ ဆိုင်တွေပဲ။ နောက် ရန်ကုန်မြို့ဟိုနေရာ သည်နေရာတွေမှာ မဟာမိတ်တို့က ဗုံးတွေချ ဗုံးတွေကြဲ၊ သည်တော့ လူတွေဟာ ဂျပန်တစ်ခေတ် လုံး ဘယ်တော့မှ ဗုံးချမခံရတဲ့ ကျွန်တော်တို့ စမ်းချောင်း ရပ်ကွက်ပြောင်း ပြောင်းလာလိုက်ကြတာ ကာလအားဖြင့် ဌာနစည်သထက် စည်စည်လာ တော့ စားသောက်ဆိုင်တွေကလည်း တိုးတိုးလာရတဲ့အတိုင်း ဟော . . . ကျွန်တော်တို့ရဲ့ ဇာတ်လိုက်မင်းသမီး ကောလိပ်စိန် ခေါက်ဆွဲ ဆိုင်ပေါ်ပေါက် လာရပါတယ်ခင်ဗျား။

နေရာအားဖြင့် နောက်ထပ်တိုးချဲ့တဲ့ အကွက်ပဲ။ ဦးလူလေးကုန်းနှင့် မျက်နှာချင်းဆိုင် ရှမ်းလမ်းမျက်နှာစာမှာ ကရင်ခရစ်ယာန်သင်္ချိုင်းဟောင်း ကျောခိုင်းလို့။ ဖော်ပြပါ အကြော်ဆိုင်လေးတွေရဲ့ အရှေ့ဘက်ညောင်တုန်း လမ်းနား ရောက်ခါနီးထိ ခေါက်ဆွဲဆိုင် သုံးဆိုင် မရှေးမနှောင်းလို ရောက် လာတာမှာ ကောလိပ်စိန်ဆိုင်က အလယ်ကပါပဲ။ အဲသည်ခေတ်၊ အဲသည် အခါမှာ မြေရာကွက်လပ်ရှိရင် မြူနီစီပယ်မြေသော ဘာသော စကားပွေး မနေနဲ့၊ အနီးပါးနားက အရပ်လူကြီးလောက် သင့်တင့်အောင် လုပ်ပြီး ဝင် သာဆောက်။

ယင်းနောက်ရောက်လာသော ခေါက်ဆွဲဆိုင် ၃ ဆိုင်မှာ လူများပါ နေထိုင်ကြသည်ဖြစ်၍ ဓနိမိုးထရံကာပေမင့် လေးပင်ပတ်လည်တွေ၊ မြေ ကလည်းကျယ်သဖြင့် တော်တော်ကြီးကုန်၏။ ရေမြောင်းကိုခွ၍ ကရင် သင်္ချိုင်းဟောင်းမြေရာ လမ်းမြေပါ ဆောက်ထားကြခြင်းဖြစ်သည်။ အခြားနှစ်ဆိုင်က တရုတ်ယောက်ျားများ ခေါင်းဆောင်၍ ကောလိပ်
mgyoe.com

mgyoe.com
စိန်ဆိုင်ကတော့ သူကိုယ်တိုင်အကြီးအမှူးဖြစ်သည်။ သူ့လက်အောက်လုပ်သားမှာ တရုတ်ဘိန်းစား အသက် ၄၀ ကျော် ၅၀ လောက် လူကြီးနှစ်ယောက်။ ကောလိပ်စိန်မှာ ထိုအချိန်က အသက် ၃၀ လောက် သူ့ထက်ငယ်သော မြန်မာလင်ကလေးနှင့်။ ဒီငတိလေးရဲ့ နာမည်က ခပ်ရှားရှားပဲ 'မောင်ဖိမ်'တဲ့။ ၎င်းနာမည်နှင့် လိုက်အောင်ပဲ ကောလိပ်စိန်ဆိုင်မှာ ဖိမ်နှင့်နေရပေသည်။ သူဘာမျှလုပ်သည်မရှိ၊ အရက်မှု ငှဲ့မရောင်း၊ စားပွဲမှာထိုင်၍ ပိုက်ဆံသိမ်းရုံလောက်၊ ဒါတောင် သူလုပ်ချင်မှလုပ်၏။ ဤနောက်ရောက်လာသော ခေါက်ဆွဲဆိုင်များက ပင်ရင်းဆိုင်မကြီးမှ လိုင်စင်နှင့် အရက်ပြောင်ပြောင်ပဲ ရောင်း၏။ အဲဒါ ကျွန်တော်တို့ရပ်ကွက်၌ တိုးတက်လာခြင်းပေါ့ခင်ဗျာ။

ကောလိပ်စိန်သည် တရုတ်မစစ်စစ်ဖြစ်၏။ သို့သော် သူဘောင်းဘီဝတ်သည်ကို တစ်ခါမျှ မမြင်ဖူး၊ မြန်မာထဘီ အင်္ကျီပဲအမြဲဝတ်၏။ အရပ်ခပ်ပုပုပျပ်ပျပ်နှင့် ရုပ်ရည်အလတ်တန်းစားထဲကဖြစ်၏။ မောင်ဖိမ်က ပိန်ပိန် ရှည်ရှည် အသားညိုညို စိတ်ကြွပ်ဆတ်ဆတ်၊ ပြည်ခရိုင်က နတ်ပုတီးသားဟုသိရ၏။ ကောလိပ်စိန်က ကမာရွတ်သူ ဆိုသည်။ သူတို့ချင်းဘယ်လိုတွေ့ဆုံညားကြသည်ကို ကျွန်တော်မသိရချေ၊ သိရန်လည်း မလို။ ကောလိပ်စိန်၏ နောက်လင်များကျတော့သာ ကိုယ့်ရပ်ကွက်တွင်းဖြစ်သည်မို့ ကျွန်တော်တို့သိကြပါလိမ့်မည်။ ထိုအခါ၌ မောင်ဖိမ်နှင့်ညားပုံလည်း ခန့်မှန်းနိုင်ပေမည်။

စင်စစ် ကောလိပ်စိန်သည် အင်မတန်လည်ပတ်ပါးနပ်၏။ အပြောအဆိုနူတ်ချို၏။ သူ့ဆိုင်မှာ ဖောက်သည်များအောင် ဆက်ဆံရေးလည်းကောင်း၏။ ဒါတွေကြောင့်ပင် မိန်းမသားဖြစ်လျက် အရက်ရောင်းသောခေါက်ဆွဲဆိုင်ကို ဦးဆောင်နိုင်ခြင်းဖြစ်၏။ မောင်ဖိမ်အလိုဖြင့် သူ့အဖို့ဆေးရုံ သို့မဟုတ် အချုပ်ခန်းကို ခဏခဏမြန်းနေရပေမည်။ ထို့ကြောင့်ကောလိပ်စိန်သည် သူ့အား ဆိုင်ကိစ္စကို ဘာမျှဝင်ရောက်စွက်ဖက်ခြင်းမပြုစေဘဲ တခြားမှာ သွားနိုင်သလောက်သွားနေပါ။ အေး ညအိပ်ချိန်တန်လို့ ပြန်လာရင်တော်ပြီ။

ကောလိပ်စိန်၏အမှုထမ်း တရုတ်ဘိန်းစားကြီးနှစ်ယောက်မှာမူ အလွန်အေးချမ်း၏။ အလုပ်မှန်မှန်လုပ်၍ ဘိန်းမှန်မှန်စားနေရလျှင် ကျေနပ်ကြသူ
mgyoe.com

mgyoe.com
များဖြစ်၏။ တစ်ယောက်က စားပွဲထိုး ပန်းကန်ဆေး ပန်းကန်သိမ်း၊ တစ်ဦးက အချက်အပြုတ်အကြော်အလှော်၊ ကောလိပ်စိန်ကိုယ်တိုင်လည်း စဉ်းတီတုံးနှင့် ဒယ်ကိုကိုင်နိုင်သူဖြစ်၏။ သူ့တရုတ်ကြီးမအားလျှင် သူကိုယ်တိုင်ကြဲ၏။ အချို့ အမူးသမားများသည် "ကောလိပ်စိန် ကိုယ်တိုင်ချက်ပါ၊ ကြော်ပါ' ဟု အော်တတ်ကြသည်အထိ သူ့လက်ရာ လူကြိုက်များ၏။

သူ့အား ကောလိပ်စိန်ဟု အဘယ်ကြောင့်ခေါ်ကြသည်ကို ကျွန်တော် မသိခဲ့။ သူ့ဆိုင်မှာ ကောလိပ်စိန် ခေါက်ဆွဲဆိုင်ဟု ဆိုင်းဘုတ်တပ်ထားလို့လည်း မဟုတ်။ သူ့ဆိုင်မှာ ဘာနာမည်မျှပေးမထားပေ။ သို့သော် သူရောက်လာကတည်းက သူ့အား ယခင်ကသိခဲ့ဖူးသော ကျွန်တော်တို့ အရပ်သားအချို့က စတင်ခေါ်ကြဟန်တူသည်။ တရုတ်မ ကောလိပ်စိန်နှင့် ကောလိပ်စိန် ခေါက်ဆွဲဆိုင်ဟု . . .။

သူ့ဆိုင်ရောက်လာပြီး တယ်မကြာမီပင် ကျွန်တော်နှင့်ဖောက်သည်ဖြစ်သွား၍ လူချင်းရင်းနှီးသည်၌ ကောလိပ်စိန်ဟု ဘာကြောင့်ခေါ်ကြသနည်း၊ ခင်ဗျားကိုယ် ခင်ဗျား ဒီနာမည် ပေးထားလို့လား မေးတော့. . .။

"ဟဲ့– မဟုတ်ပါဘူး။ ဘာကြောင့်လဲ ငါမသိပါဘူးဟယ်၊ နင်တို့မြန်မာတွေက ငါ့ကို ဒီလိုခေါ်ကြတာပဲ။ ကောလိပ်စိန်ဆိုတာ ဘာမှန်းလည်း ငါမသိပါဘူး" ဟု ပြောဖူးပါသည်။ သူသည် တရုတ်လို နည်းနည်းမှ မဝဲ၊ မြန်မာလို ပီပီသသကြီးပြောတတ်ပါသည်။ နောက်မှ ကျွန်တော်သိရသည် မှာ သူသည် ကမာရွတ်မွေး၊ ကမာရွတ်ကြီး။ သူ့လင် တရုတ်အစစ်ကြီးက ချမ်းသာသည်။ ကမာရွတ်မှာပဲရှိနေသည်။ သို့သော် ကောလိပ်စိန်၏ဝါသနာမှာ မြန်မာယောကျ်ား သူ့ထက်ငယ်လေးတွေနှင့် နောက်မီးလင်းတတ်၍ သူ့လင်ကြီးက ပထုတ်လိုက်သည်။ တရုတ် အသိုင်းအဝိုင်းမှ ဝိုင်းကြဉ်ပစ်လိုက်သည်။ (ထို့ကြောင့် သူကလည်း တရုတ်အဝတ်ကို ပလိုက်ပြီး မြန်မာလိုဝတ်တာဖြစ်လိမ့်မည်။) သူ့လက်စွဲတော် တရုတ်ဘိန်းစားကြီးနှစ်ယောက်သာ နောက်တော်ကပါခဲ့သည်။

ကျွန်တော်တို့ ရပ်ကွက်ရောက်တော့ သူ့နာမည်က တာစားပါသည်။ သူ့ဆိုင်က ပေါ်ပြူလာဖြစ်၍ ဟိုနှစ်ဆိုင်ကိုပင် ကောလိပ်စိန်ဆိုင်ရဲ့ အရှေ့ဘက်ဆိုင်၊ အနောက်ဘက်ဆိုင်၊ သို့မဟုတ် ဟိုဘက်ကဆိုင် ဒီဘက်ကဆိုင် ဟု ပြောစမှတ် ပြုကြပါသည်။
mgyoe.com

သူ့ဆိုင်သည် မဒမတိုင် မြေစိုက်အိမ်ဖြစ်၍ လမ်းဘေးမြောင်းကို ခွဆောက်ထားရာ ထိုမြောင်း၏တောင်ဘက် ကရင်သချိုင်းဟောင်းမြေတွင် တစ်ခန်းယူ၍ အဆင့်ထိုးကာ သူတို့ လင်မယားအိပ်ခန်း၊ ဟိုတရုတ် ဘိန်းစားကြီးနှစ်ယောက်ကတော့ ထုံးစံအတိုင်း ဆိုင်သိမ်း စားပွဲတွေ ဆက်အိပ်ပေါ့။ ကောလိပ်စိန်တွင် သားသမီးမရှိပါ၊ အမြုံမ ဖြစ်ဟန်တူပါသည်။ သူတို့ လင်မယားနှင့် အမှုထမ်းတရုတ်ကြီးနှစ်ယောက်သာ အေးချမ်းစွာ လုပ်ကိုင်ရောင်းချနေကြလျက် သည်အရပ်ရောက်မှ စီးပွားလည်း တက်ဟန်တူပါသည်။

ယင်းသို့ဖြင့် ဦးလူလေး၏တစ်နှစ်တစ်ခါ ဘုရားဆွမ်းတော်ကြီးတင် ပွဲတော်ကြီးသို့ ဆိုက်ရောက်လာခဲ့လေသည်။ ဦးလူလေး၏ အိမ်နောက်ဖေး ကုန်းမြင့်ပေါ်မှာ ကိုးတောင်ပြည့်စေတီတစ်ဆူရှိသည်။ သူတို့ သုဘရာဇာများ၏ ဘုရားဖြစ်သည်။ ယင်းဘုရားပွဲကို တစ်နှစ်လျှင် တစ်ခါ (ထိုစဉ်က) ကျင်းပမြဲဖြစ်ရာ ထိုခေတ် ထိုအခါက ကြည့်မြင်တိုင် စမ်းချောင်းရပ်မှာ သူ့ ဘုရားပွဲလောက် စည်တာမရှိချေ။ သူ့လောက်လှူနိုင်သူလည်း မရှိပေ။ သူ့ဘုရားပွဲမှာ အာဝါဒေးပါသည်။ အစိမ်း အနီ၊ သေနတ်ပစ်၊ လက်ပေါက်၊ အန်စာတုံး၊ ဂျုံး ဂျုံးကျ၊ မြေကပ်ထီ စသည့် လောင်းကစားပွဲများ အမိန့် ရကျင်းပသည်။ စမ်းချောင်းထိပ် ပုလိပ်လက်ပြတိုင်မှသည် ညောင်တုန်းလမ်း ထိ သူ့ပွဲခင်းရှည်သည်။

စင်စစ် ဦးလူလေးသည် သုဘရာဇာမျိုးရိုး မဟုတ်ပေ။ ကာလသား လူလည်က သုဘရာဇာ၏သမီးကိုယူ၍ သူဌေး လုပ်နေခြင်း ဖြစ်သည်။

"ဒီမှာ ကြင်ဆွေရ၊ လောကကြီးမှာ ငွေရှိပြီးတာပဲကွာ၊ ဘယ်သူက ဘာပြောနေနေ၊ ကဲ–ခု ငါလုပ်ချင်တာဖြစ်တယ် မှတ်လားကွာ။ အလကား လူတွေက နားမလည်ကြလို့ စဏ္ဍာလရယ် သုဘရာဇာရယ် လုပ်နေကြတာ။ စင်စစ်တော့ ပထဝီတေဇော–အာပေါ–ဝါယော ဓာတ်ကြီးလေးပါးနဲ့ တည်ဆောက်ထားတဲ့ သတ္တဝါတွေ၊ အနတ္တကောင်တွေချည်းမဟုတ်ပါလား ကွာ၊ လူဟာ လူပါပဲကွာ"

ဤအယူအဆကို ကျွန်တော်ကိုယ်တိုင်က သဘောပေါက်ထားပြီး ဖြစ်၏။ ထို့ကြောင့် သူ့အိမ်မှာ ကျွေးတာ မွေးတာကို ကျွန်တော်စားသည်၊ သူတို့နှင့်အတူ ကျွန်တော် လက်ဖက်ရည် သောက်သည်။ သို့သော် များစွာ သော လူတို့မူကား ဤသို့ မဝံ့ရဲကြချေ။ ထို့ကြောင့် ဦးလူလေး၏ ဤ

mgyoe.com
ဘုရားပွဲအလှူ၌ "ကျွန်တော်တို့ လက်နဲ့ လုံး၀ မထိပါဘူး။ ဒံပေါက်ဆိုင်က ကုလားကိုယ်တိုင် သူ့တို့ပန်းကန်ခွက်ယောက်များနဲ့ သူတို့ဟာ သူတို့ ပြင်ဆင်ကျွေးမွေးပါလိမ့်မယ်"ဟု ကြေညာရ၏။

ဒီတော့ လာလိုက်ကြတဲ့ အရပ်ထဲက လူကြီးလူကောင်းတွေ၊ ဆွေကြီးမျိုးကြီးတွေရောပေါ့ ခင်ဗျာ။ လာမှာပေါ့၊ ဦးလူလေးအလှူက ဒံပေါက်အ၀ကျွေးပြီး အိုက်စကရင်တစ်ခွက်စီ ပေးသေးသည့်ပြင်တောင်ဆုပ်လောက်ရှည်တဲ့ စပယ်ရှယ်ဆေးပေါ့လိပ်ကြီးတွေမှာ ဂျပန် ၅–ဒေါ်လာတန်ငွေစက္ကူကြီးတွေကလည်း ပတ်ထားသေးကိုးဗျ။ ဟတ် ဟား . . . . ဒီတုန်းက လက်ဖက်ရည်တစ်ခွက်မှ ဆင့်အစိတ် သုံးဆယ်ရယ်၊ ကူး၀ါးစီးကရက်က ၂၀–လိပ်၀င်တစ်ဘူးကို ၀မ်းဒေါ်လာ သို့မဟုတ် တစ်ကျပ်၊ ခု ခပေါင်းထက် အများကြီးကောင်း။

ကျွန်တော်ကတော့ သူတို့အိမ်မှာ စားစားသောက်သောက်လည်း နေတယ်။ ဦးလူလေးကတော် ဒေါ်နှင်းပွင့်နဲ့လည်းခင်၊ သူတို့သား လှရွှေဆိုတာနဲ့လည်း ဖင်ပုတ်ခေါင်းပုတ်နေတော့ ဒီဆေးလိပ်မျိုး ဆယ်လိပ်လောက်တော့ရအောင်ဆွဲလိုက်တာပေါ့ဗျ၊ ဟား– ဟား. . . .။

ကဲဒါတွေထားတော့၊ ဒီဘုရားပွဲတော် အပြီးမှာ ကောလိပ်စိန်တို့ဇာတ်လမ်း ၀င်ပါရောခင်ဗျာ။ ဘယ်လိုလဲဆိုတော့ သူ့လင်ကိုမောင်ဖိမ်ဟာ အရက်သာ သိပ်မသောက်တယ်၊ လောင်းကစားတော့၀ါသနာပြင်းလှချည့်။ ဤပွဲတော်မှာ တော်တော် ရှုံးလိုက်တော့ လင်မယားရန်ဖြစ်ကြပါရော ခင်ဗျာ။ ဒါနဲ့ကိုမောင်ဖိမ်ဟာ စိတ်ကောက်ပြီး သူ၏ဇာတိဌာနေ နတ်ပုတီး မြေသို့ ပြန်သွားသတဲ့။

ဒီနေရာမှာ ဘယ်သူ့အပြစ်တင်ရမည်နည်း။ ဒီကောလိပ်စိန်ဆိုတဲ့ မိန်းမက ညအိပ်ဖော်မရှိရင် တစ်လပြည့်အောင် မနေနိုင်တဲ့ တရုတ်မကလား။ တယ်မကြာပါဘူး။ မုန့်လက်ဆောင်းကုန်းက အသားညိုညို၊ ဆံပင်ကောက်ကောက် ကောင်လေးတစ်ယောက်နဲ့ အကြောင်းဆက်ပေါင်းဖက်ပြန်ပါကရောလား။ ဒီကောင်လေးက အသက်အစိတ်လောက်ရှိမယ်၊ ကျွန်တော့်ထက် နည်းနည်းကြီးတယ်။ လူ့ကြမ်းပိုးတေလေကလေးလား။ ကောလိပ်စိန်လိုဟာရတော့ သူထိပေါက်တော့တာပေါ့။ ကောင်းကောင်းစားရတယ်။ ကောင်းကောင်း၀တ်ရတယ်။ ကောင်းကောင်းအိပ်ရတယ်။
mgyoe.com

mgyoe.com
ဘာအလုပ်မှ လုပ်စရာမလိုဘူး။ လောကနိဗ္ဗာန်ပဲ။ ကောလိပ်စိန်ဆန္ဒက လည်း နေ့မှာ ဆိုင်တွင်မရှိချင်နေပါစေ၊ ညအိပ်ချိန်ပြန်လာရင် တော်ပြီ။

ဟိုတရုတ်ဘိန်းစားကြီးနှစ်ယောက်က သူတို့သခင်မအိပ်ဖော်အရေး တွင် ဘာမျှဝင်မရှုပ်ကြပေ။ သူတို့သခင်မအကြောင်းကို သူတို့သခင်ကြီး လက်ထဲကတည်းက နောကျေနေပြီးသားဖြစ်ဟန်ရှိပါ၏။ သူတို့နှစ် ယောက်ကလည်း ဤမှာဘက်တွင် မလိုလားသော ဘိန်းစားကြီးများ။

အဲသည့်နောက်ကောင်လေးနာမည်က တင့်မောင်တဲ့။ ဒီတင့်မောင် လေးနဲ့ ကောလိပ်စိန်ဟာ တင့်တင့်တယ်တယ်ပဲနေကြပါတယ်။ သို့သော် ၃ လလောက်ပဲ ကြာမယ်ထင်ပါရဲ့။ နတ်ပုတီးက ကိုမောင်ဖိုးပြန်လာပြီး လင်ကြီးနဲ့လင်ငယ် (တကယ့်မိုက်ခဲတွေလားခင်ဗျာ)ဓားချင်းယှဉ် ခုတ်လိုက် ကြတာ နှစ်ယောက်စလုံးပဲ ဒဏ်ရာတူတူရတယ်။ နှစ်ယောက်စလုံးပဲ သူ တစ်ပြန်ငါတစ်ပြန်တရားခံနဲ့ တရားလိုဖြစ်ကြပြီး ထောင်တစ်နှစ်စီပဲ ကျသွားကြတယ်ခင်ဗျာ။

အဲဒီ လင်နှစ်ယောက်စလုံး ဒုက္ခရောက်တာမှာ ကောလိပ်စိန်ဟာ စိတ် နှလုံးထိခိုက်တဲ့ အမူအရာမရှိဘူး။ အဲ စိတ်ရှုပ်တဲ့၊ ဦးနှောက်ခြောက်တဲ့ ပုံသဏ္ဌာန်တော့ ပေါ်သပေါ့လေ။ ဒါလည်း တယ်မကြာပါဘူး။ ဒီကောင် တွေ အမှုမပြီးခင်လောက်ဘဲ သူက ကြားက သက်သေပါနေရလို့၊ အဲ နှစ် ယောက်စလုံးထောင်လည်းကျသွားရော သူ့မှာ ဘာမျှမဖြစ်သလိုပဲ။

ကဲစာရှုသူ တွေးထင်တဲ့အတိုင်းပါပဲခင်ဗျာ။ ဟိုမောင်များ ထောင်ကျ သွားပြီး တစ်လမရှိခင်မှာဘဲ ဘယ်က ဘယ်လို ရှာဖွေတွေ့လာပြန်တယ် မသိပါဘူး။ မြန်မာလင်ကလေးတစ်ကောင် သူ့ဆီရောက်လာပြန်တယ်။ သည်ကောင်လေးက ကျွန်တော့်အသက်လောက်ပဲ ရှိမယ်ဆိုတော့ ကော လိပ်စိန်ထက် ဆယ်နှစ်လောက်ငယ်မယ်ပေါ့ဗျာ။ ဒါပေမဲ့ ကြီးကြီးငယ်ငယ် ကောလိပ်စိန်နဲ့ ရဖူးတဲ့လူဆိုရင်ဖြင့် သူ့ကို စွဲမက်သွားကြတာချည်းပဲ တဲ့။ ဟိုထောင်ကျသွားတဲ့မောင်နှစ်ယောက်က ပြောပြသတဲ့။

နို့ပြီး ကောလိပ်စိန် ရွေးချယ်ပြီးယူတဲ့ လူတွေပုံသဏ္ဌာန်ကလည်း ကိုယ် လုံးကိုယ်ပေါက်မှာ ခပ်ဆင်ဆင်တွေဗျ။ သိပ်ပြီး ကာယဗလကောင်းသူ တွေ မဟုတ်ကြသော်လည်း တင်ချပ်ချပ်၊ ခါးသိမ်သိမ်၊ ရင်ကျယ်ကျယ်နဲ့ ကျွဲချိုလိမ်၊ လူနံပိန်ဆိုတဲ့ဟာမျိုးတွေ။
mgyoe.com

mgyoe.com

အဲဒီတတိယကောင်လေးနာမည်က ဘထိုက်တဲ့။ ရုပ်ရည်လေးကလည်း သနားကမား၊ အသက်ကလည်း ဆယ်နှစ်လောက်ကွာတယ်ဆို တော့ သူ့ကောလိပ်စိန်နဲ့ ညားရတာ ရှက်ဟန်တူပါရဲ့။ ဆိုင်မှာရှိလည်း သိပ်ပြီးအပြင်မထွက်လှဘူး။ ဖိနပ်ချုပ် သင်နေတယ်ဆိုလားပဲ။ မနက် ထမင်းစားပြီးသွားတယ်။ ညမှောင်မှ ပြန်လာလေ့ရှိတယ်။

ကောလိပ်စိန်ဟာ အရင်လင်ကြီးလက်ထဲတုန်းက ပိုးစုန်းကြူးမ ဖြစ်ခဲ့ တယ်ဆိုပေမဲ့ အခု မြန်မာလင်ကလေးတွေနဲ့ကျတော့ သူ့စိတ်ကြိုက်ပြည့်လို့ပဲ ဖြစ်ပေလိမ့်မယ်။ တစ်လင်လက်ထဲမှာ နောက်တစ်လင်ဖောက်တယ် မရှိဘူး ခင်ဗျာ့။ အင်မတန် မှန်ကန်တည်ငြိမ်တာကပဲ။ ဒီလိုနဲ့ မောင်ဘထိုက်လေးနဲ့ ပေါင်းသင်းလာလိုက်တာ ဦးလူလေးပွဲတော်ကြီး တစ်ပတ်လည်ပြန်ရော။ အဲဒီပွဲတော်ကြီးကျတော့ ဦးလူလေးဟာ ဆေးပေါ့လိပ်တွေမှာ ၅ ဒေါ်လာ တန်တွေ မဟုတ်တော့ဘဲ၊ ၁၀ တန် ထောင်မလဲ သဲကော်တွေပတ်တယ်။ ကျွန်တော်က မနှစ်ကလိုပဲ ၁၀–လိပ်လောက်ရလိုက်တာပဲ။

ဟော. . . . အဲဒီပွဲတော်ကြီးအပြီး ၄–လလောက်အကြာမှာ ဟိုမောင် နှစ်ယောက် ထောင်ကလွတ်လာတယ်. . . .။ တယ်မိုက်တဲ့လူတွေပဲ၊ ကောလိပ်စိန်ရဲ့ လက်ရှိ လင်ကလေးကို ခုတ်မယ်၊ ထစ်မယ် လုပ်ကြပြန် ရော. . .။ မောင်ဘထိုက်ကလေးကတော့ သူတို့လို ခုတ်ဝံ့ထစ်ဝံ့သတ္တိမရှိ ရှာဘူး။ ဒီတော့ကောလိပ်စိန်မှာ အကြံရကြပ်ပြီး ကျွန်တော်တို့အရပ်ထဲမှာ သြဇာတိက္ကမအရှိဆုံး ကာလသားခေါင်းဆီကို လာတယ်၊ သူ့ပြဿနာကို ပုံအပ်တယ်။ ဒီတော့ ကျုပ်တို့ကာလသားခေါင်းကြီးဟာ သူ့လင် ၃– ယောက် စလုံးခေါ်ပြီး ပြောတယ်။

"မင်းတို့ဟာ တစ်ယောက်တစ်ယောက် ခုတ်ထစ်နေကြရင် သေတဲ့ ကောင်ကသေ၊ ကြိုးစင်တက်တဲ့ ကောင်ကတက်၊ ဒဏ်ရာရတဲ့ ကောင် ကရ၊ ထောင်ကျတဲ့ ကောင်ကကျနဲ့ မင်းတို့မှာ အကျိုးမဲ့ ဒုက္ခရောက်ကြပြီး ကောလိပ်စိန်မှာတော့ စတုတ္ထ လင်တစ်ယောက်ရဖို့ပဲ ရှိတော့တယ်"

သည်တော့ ဖိမ်မောင်က. . . . "ဟုတ်တယ်၊ ဟုတ်တယ်၊ ဦးလေး ပြောတာ မှန်တယ်"

လင်လတ် တင့်မောင်က. . . . "ဒီတော့ ဦးလေးက ဘယ်လိုလုပ်စေ ချင်သလဲ"

mgyoe.com

"မင်းတို့ ငါ့စကား နားထောင်မယ်ဆိုရင် ဟော့ မောင်ဖိုမ်နဲ့ တင့်မောင်၊ မင်းတို့လည်း ဖဲသမားတွေပဲကွာ. . . .၊ ကိုးမီးနဲ့ တစ်လက်တည်း အပြတ်ရှင်းလိုက်ကြ။ ဟော့–ဘထိုက် မင်းလည်း လိုက်နာရမယ်"

"လိုက်နာပါ့မယ် ခင်ဗျာ့"

မောင်ဖိုမ်က. . . . "သည်တော့ ဟိုဟာမသဘောက ဘယ်လိုနေဦးမလဲ"

"အို. . . .သူ့ အမှု ငါ့အပ်ထားတာကွ၊ ငါ့စကား နားထောင်ရမှာပဲ၊ မင်းတို့ သဘောတူမယ်ဆိုရင် ဒီကိစ္စအခုပဲ ငါ့အိမ်မှာ ရှင်းလိုက်မယ်။ ဟော့–တင့်မောင် ဘယ့်နှယ်လဲကွ"

"ကြိုက်ပါတယ်"

"မောင်ဖိုမ်ကော. . . ."

"ငွေပိုတောင် ဆောင်းလိုက်ချင်သေး"

"ကဲ. . . . ဒါဖြင့် သွား၊ ဘထိုက် ကောလိပ်စိန်ကိုခေါ်ချေ။ သူ့ရှေ့မှာပဲ လုပ်ကြစို့. . . ."

မကြာမီ ကောလိပ်စိန်ရောက်လာသည်။ ကာလသားခေါင်းကြီးက အကျိုးအကြောင်း ပြောပြသည်။ သဘောတူပါသည်ဟု ခေါင်းညိတ်သည်။

ကာလသားခေါင်းကြီးက သူ့အိမ်တွင် အသင့်ရှိသော ဖဲထုပ်ကို ထုတ်၍ ကုလားဖန်ထိုးလိုက်သည်။ သူ့ရှေ့မှာ ကောလိပ်စိန်လင် ကြီးငယ်အလိုက် ထိုင်စေသည်။ အကြီးဆုံးကို လက်ထိပ်၊ အလတ်ကို လက်လယ်၊ အငယ်ကို လက်သန်း ချိုးအိမ်က ထားလိုက်သည်။

သူသည် ဖဲထုပ်ကို နှပ်ကြောင်းပေးပြီး အငယ်ဆုံး လင်ကလေး ဘထိုက်ရှေ့ချလိုက်သည်။ ဘထိုက်က နှပ်ကြောင်းအတိုင်း ချိုးလိုက်ပြီး ၃–ချပ်စီ ဝေလိုက်သည်။

ဘထိုက်က ဖဲသမားမဟုတ်မူ၍ ဖဲကို သေချာစွာ ကြည့်မနေဘဲ လှန်ချလိုက်ရာ တွဲ. . . . ခုနစ်ပွင့်။

ကောလိပ်စိန်က ကာလသားကြီးနောက်မှ နေ၍ စိတ်အေးသက်သာစွာ ကြည့်နေသည်။

ဖဲသမားများ ဖြစ်ကြကုန်သော မောင်ဖိုမ်နှင့် တင့်မောင်ကား သေချာစွာ ပွတ်သပ်ကြည့်နေကြသည်။

မောင်ဖိုမ်မှာ ဆယ်ဆင်ဘောသုံးဖြစ်နေ၍ ခြောက်၊ ခွန်၊ ရှစ် တစ်ခုခု

mgyoe.com
ဖြစ်နိုင်သဖြင့် 'ပြည့်ဟယ်' ဆိုပြီး ဆွဲချလိုက်ရာခများမှာ ချက်တစ်ခုမျှ မပါဘဲ. . . ခြောက်။

တင့်မောင်မှာကား ကုလားနှစ်ကောင်အောင်းစိပ်ဖြစ်နေသဖြင့် ဖွဲ့ရှာပြစေဆိုရာ ကာလသားကြီးက–

"ငါလခွေး . . . ကြာအောင်ကွာ၊ ဒီဖဲ ဒီဖဲပဲဟာ ရိုက်သာချလိုက်" ဆိုသဖြင့်. . . .

"ချက်တစ်ခုပဲပါကွာ" ဆိုပြီး တီးလိုက်ရာ. . . . ကိုး. . . .

စင်စစ် ကောလိပ်စိန်သည် ဤလင် ၃–ယောက်အနက် တင့်မောင်ကို အစွဲမက်ဆုံး ဖြစ်နေ၍ ကျုပ်တို့ ကာလသားခေါင်း သူတော်ကောင်းကြီးအား ငွေ ၅၀၀–ပေးထားခြင်းဖြစ်၍ အလယ်လူ ထင်လင်းစွာ မင်းဖြစ်သွားတော့သတည်း။ ။

မြဝတီမဂ္ဂဇင်း၊ အတွဲ–၁၇၊ အမှတ်–၁၀၊ ၁၉၆၉ ခုနှစ်၊ ဩဂုတ်လ။

□

mgyoe.com

mgyoe.com

# ရွှေစွန်ညို ကယ်ပေလို့ပေါ့

အိကြာကွေး

(၁)

"ငါ့နှယ်နော်. . .ကြီးတောင့် ကြီးမားမှ ရွှေစွန်ညို ကစားနေရပြန်ပြီ"

ရွှေစွန်ညိုကစားလျှင် တစ်ယောက်ခါး တစ်ယောက်ကိုင်ကာ ရှေ့နောက် တန်းစီ၏။ ဤသည်ကိုရည်၍ သမ္မတရုံသုံးမတ်တန်းတွင် တန်းစီနေသော ကိုငှက်ရိုးက သူ့ကိုယ်သူပြောလိုက်ခြင်းဖြစ်သည်။ လူတန်းကြီးမှာ ရှုမျှော်လို့ မဆုံးနိုင်အောင် ရှည်လျား လှ၏။ လူတန်းကြီး၏ နောက်နားခပ်ကျကျတွင် လူပျိုကြီး ကိုငှက်ရိုး တန်းစီလျက်ရှိသည်။ သူသည် မနက်ကိုးနာရီကတည်းက ထိုနေရာသို့ ရောက်နေကာ ထိုင်ချည်တစ်ခါ၊ ထချည်တစ်လှည့်ဖြင့် ဒုက္ခခံနေခဲ့သည်။

အဖေမှာရင်တောင် ဒီလောက်ဝီရိယကောင်းမယ်မဟုတ်၊ အဖေ့ထက် အရေးကြီးသော 'ဂျိမ်းစ်ဘွန်း' က 'ဟော့ငှက်ရိုး မင်းလိုဖွတ်ကျားက သုံးကျပ်ခွဲတန်း ဘွတ်ကင်လုပ်ကြည့်နိုင်တာမဟုတ်ဘူး။ 'သန်ဒါဘောလ်' ကြည့်ချင်ရင် သုံးမတ်တန်းမှာ စောစောလာတန်းစီ" ဟု မှာထားသဖြင့် ကိုငှက်ရိုး

mgyoe.com

mgyoe.com
ရောက်နေခြင်းဖြစ်လေသည်။

နေသည် လူတန်းကြီးအပေါ်သို့ မီးပြင်းထိုးသလို အပူရှိန်လွှတ်လျက်ရှိ၏။ လူတိုင်းပါးစပ်ဖျားမှ "တယ်ပူတဲ့နေပါလား" ဟု မရပ်မနားညည်းကာ ချွေးသုတ်သူသုတ်၊ အင်္ကျီချွတ်သူချွတ်၊ ဘားမားစတားဝယ်ပြီး ယပ်ခတ်သူခတ်၊ အငြိမ်မနေ ဂနာမငြိမ်ဖြစ်နေကြသည်။ ဟောင်အောက်အောက်၊ ချဉ်သိုးသိုးလက်ကတီးနံ့များသည် ပတ်ဝန်းကျင်တစ်ဝိုက်ဝယ် နံဟောင်လျက်ရှိလေသည်။

"လက်မှတ် မပေးသေးဘူးလားကွ"

"ဒီနေ့အဖို့ ပေးဦးမှာလား"

"တန်းစီရတာ ခြေသလုံးကျောက်ဖြစ်ပြီ"

တစ်ယောက်တစ်ပေါက် ကျွက်စီကျွက်ညံအော်ကြသည်။ သုံးမတ်တန်း လက်မှတ်ပေါက်ကား နားမပါသလို ခပ်တင်းတင်းပင်။ မင်းတို့သေအောင်အော်၊ လိပ်ခေါင်းထွက်အောင်ဟစ်၊ အချိန်ကျမှ ရောင်းမယ်ဟုပိတ်ထားသော တံခါးက ပြန်ပြောနေသယောင်ယောင်။ ကိုငှက်ရိုး၏နောက်တွင် လူတွေတိုးလာသည်။ အတန်းကြီးမှာ ရှည်သထက် ရှည်လာ၏။ စကားသံတွေလည်း ညံသထက်ညံလာကာ လက်ကတီးနံ့များလည်း နံသထက်နံလာသည်။

ကိုငှက်ရိုးမှာ ခေါင်းထဲတွင် ငြီးစီစီကြီးဖြစ်လာ၏။ အရေးထဲဆီးကလည်း သွားချင်လာပြန်သည်။ တန်းထဲက ထွက်လိုက်လျှင် ပင်ပန်းတကြီးစီထားရသော နေရာကလေးပျောက်သွားမည်။ ကိုငှက်ရိုးသည် ဒုက္ခကြီးစွာခံကာ အန္တရာယ်ကို လွယ်ထားရလေသည်။

ဆယ့်နှစ်နာရီ ဒင်ဒင်ထိုးမှပင် မဟာသုံးမတ်ပေါက်ကြီး ဖွင့်တော်မူတော့သည်။ ထိုအခါမှပင် မဟာတန်းတော်ကြီး ရွေ့တော်မူတော့၏။ ကိုငှက်ရိုးလည်း အဖေ့ထက် အရေးကြီးသော ဂျိမ်းစ်ဘွန်းနှင့်တွေ့ဆုံရတော့သည်။

(၂)

ဒဏ်...ဒဏ်...ဒဏ်။

အပူမိခဲ့သော ဒဏ်၊ ခြေသလုံးတောင့်ခဲ့သော ဒဏ်၊ ဆီးအောင့်ခဲ့သော
mgyoe.com

ဒဏ် ထိုဒဏ်များ စုပေါင်းထုထောင်းမှုကြောင့် ကိုငှက်ရိုးအိပ်ရာထဲတွင် လဲလေ၏။ တစ်ကိုယ်လုံးမှာ မီးထတောက်မတတ် တဖိန်းဖိန်းပူသည်။ သဲကန္တာရထဲ ရောက်နေရသလို အာခေါင်ခြောက်ကာ ရေခဏခဏ ငတ်သည်။ အိမ်နားပါးနီးများက ဆေးရုံသွားရန်အကြံပေးကြသည်။ ကိုငှက်ရိုးသည် မလှုပ်ချင်လှုပ်ချင်၊ လှုပ်လီလှုပ်လဲ့၊ ဒယိမ်းဒယိုင်ခန္ဓာကိုယ်ဖြင့် ဆေးရုံသို့ရောက်ခဲ့သည်။

ဆေးရုံရှေ့တွင် ရှမ္ဘော်လို့မဆုံးနိုင်သော လူတန်းကြီးတန်းလျက်ရှိ၏။ အညာစောင်အကျားကြီးခြုံထားသော ကိုငှက်ရိုးသည် လူတန်းကြီးကို ကျော်လျှောက်လာခဲ့သည်။ တန်းထိပ်ဆုံးမှလူက ကိုငှက်ရိုး၏စောင်ကျားကြီးကိုလှမ်းဆွဲ၏။

"ဟေ့လူ ဒါဘယ်လဲ"

"ဆရာဝန်နဲ့တွေ့မယ်လေ"

"ဒီလို ဘယ်ရမလဲ၊ တန်းစီပါ။ ကျုပ်ဒီနေရာကို ဝေလီဝေလင်းကတည်းက လာစီထားရတာ"

ထိပ်ဆုံးမှလူက ကိုငှက်ရိုးကိုအောက်သို့ပြန်တွန်းလွှတ်လိုက်သည်။ ကိုငှက်ရိုးစောင်ကြီး ဖိုသီဖတ်သီဖြင့် ဝရုန်းသုန်းကားဖြစ်နေစဉ် . . .

"ကျော်မတက်ပါနဲ့၊ ဒါဘတ်စ်ကားမောင်းတာ မဟုတ်ဘူး"

"တန်းစီပါ၊ တန်းစီပါ နောက်ကိုသွားစီပါ"

"စောစော အလှည့်ရချင် စောစောလာစီရတယ်။ ပြန်ဆင်း . . . ပြန်ဆင်း"

ကျီးကန်းနှင့် အမျိုးတော်ဟန်တူသော တန်းထဲက လူများက ဆူဆူညံညံ ဝိုင်းအာကြသည်။ ကိုငှက်ရိုးက ဘာများကော တတ်နိုင်ပါဦးမည်နည်း။ အများနှင့်တစ်ယောက် မတော်လို့ဝိုင်းရိုက်လျှင် စောင်ကြီးတကားကားဖြင့် ပြေးပေါက်လမ်းမှားနေမည်။ နေသေးသပ စောင်ထဲက။ ချီသွေးသပ စောင်ထဲကဟေ့။ ကိုငှက်ရိုးသည် စောင်ကို ဝုန်းခနဲ ပြင်ခြုံကာ နောက်ဆုံးနေရာသို့ ပြန်လာခဲ့ရသည်။

"ငါ့နှယ်နော် . . .၊ နေမကောင်းရတဲ့အထဲ ရွှေစွန်ညိုကစားရပြန်ပြီ"

သန်ဒါဘောလ် ကြည့်တုန်းကလည်း တန်းစီရ၊ ဆေးရုံလာတော့လည်း တန်းစီရ။ အရင်ဘဝတုန်းက အဝတ်လှန်းတဲ့ကြိုးတန်းများ ဖြစ်ခဲ့လေရော့

mgyoe.com
သလား ငှက်ရိုးရယ်။ ကိုငှက်ရိုးသည် သူ့အဖြစ် သူတွေးကာ ရယ်ချင်သလိုလို ငိုချင်သလိုလို ဖြစ်မိ၏။ နှစ်နာရီနီးပါးဒုက္ခခံပြီးမှ ဆရာဝန်နှင့်တွေ့ခွင့် ရတော့သည်။

"ဘာဖြစ်လို့လဲ"

"အဏ္ဍုမြှုပ်ဖုံးပျောက်လို့"

"ဘာဗျ"

"အယ် . . .အယ် . . .ဖျားလို့ပါ"

ဆရာဝန်မေးတာက တစ်မျိုး၊ သန်ဒါဘောလ်ကို စိတ်စွဲနေသော ကိုငှက်ရိုးဖြေတာကတစ်ဖုံ၊ ဆရာဝန်က ဤစောင်ကျားရှင်သည် စိတ်မှ နှံ့ပါလေစဟု သံသယမျက်လုံးဖြင့်ကြည့်၏။ ထို့နောက် စမ်းသပ်စစ်ဆေး၍ ဆေးတစ်လုံးထိုးပေးကာ ဆေးလက်မှတ်ပါရေးပေးလိုက်သည်။

"ခင်ဗျား သိပ်အားနည်းနေတယ်။ ဒီဆေးကို ပြည်သူ့ဆိုင်မှာ ဝယ် သောက်ပါ"

(၃)

ရှမျှော်လို့မဆုံးသည် . . .။

ပြည်သူ့ဆေးဆိုင်ရှေ့တွင် ရှမျှော်လို့မဆုံးနိုင်သော လူတန်းကြီး တန်းလျက်ရှိ၏။ စောင်ကျားရှင် ကိုငှက်ရိုးဆေးစာရွက်ကိုင်ကာ ကုပ်ချောင်းကုပ်ချောင်းဖြင့် ဆိုင်ထဲဝင်ခဲ့သည်။ လူတစ်ယောက်က စောင်ကို လှမ်းဆွဲ၏။

"ကျော်မတက်နဲ့၊ နောက်ကသွားစီ"

"ပြောပါဦးခင်ဗျာ . . .၊ ကျွန်တော်မျိုးမသိလို့။ ကျော်တက်တာ မဟုတ်ဘူး၊ ဒီဆေးရှိမရှိ မေးကြည့်မလို့"

ကိုငှက်ရိုးက ခပ်တင်းတင်းပြန်ပြောကာ ဘောက်ချာရေးနေသော စာရေးမကိုသွားမေးသည်။ စာရေးမက စာရွက်ကိုဆွဲကြည့်၍ "ရှိတယ်"ဟု သံပြတ်ဖြင့်ဖြေ၏။ အိမ်း. . .ရှိတယ်ဆိုရင် ငှက်ရိုးတို့ ရွှေစွန်ညိုကြစားရ သေးတာပေါ့ကွာ၊ ကိုငှက်ရိုးသည် တန်း၏နောက်ဆုံးနေရာသို့ ရောက်ခဲ့ရပြန်လေသည်။

နေသည် ကိုငှက်ရိုး၏ မဏိဦးပြည်းပေါ်သို့ အပူရှိန်လွှတ်ကာ နှိပ်စက်ပြန်၏။ သို့သော် ဒီတစ်ခါတော့ ကိုငှက်ရိုးမဖြုံပြီ။ နေပဲ ပူနိုင်မလား၊ ငါ

mgyoe.com

mgyoe.com
ပဲခံနိုင်မလား ကြိမ်းဝါးကာ စောင်ကိုခေါင်းမြီးခြုံလိုက်သည်။ တက်ထရွှန် အကျီအကွက်၊ တက်ထရက်ဘောင်းဘီအနက်ဝတ်ထားသော ငနဲတစ်ယောက်သည် ကိုငှက်ရိုးကိုပွတ်တိုက်ကာ ဆိုင်ထဲဝင်သွား၏။

"ဘယ်လိုလဲဗျို့. . .၊ တန်းမရွှေ့သေးပါလား"

စောင်ကျားရှင် ကိုငှက်ရိုး ရှေ့လူများကို လှမ်းမေးသည်။

"တစ်နာရီနဲ့ ရွှေ့ရင် ကံကောင်းပေါ့ဗျာ။ ဘောင်းဘီနဲ့ကောင် တွေ့လိုက်တယ်မဟုတ်လား။ အဲဒါ စာရေးမ ရည်းစားဗျ။ သူတို့စကားပြောရင် မဆုံးနိုင်တော့ဘူး။ ကျုပ် အရင်တစ်ခါ ဗီဘာဖုံလာဝယ်တုန်းက ကြုံရဖူးပြီ"

ရှေ့တစ်ယောက်ကျော်မှလူက ကိုယ်တွေ့ဖြစ်စဉ်ကို တီးတိုးပြောပြသည်။ နေကပူ၊ ချွေးကပြန်၊ ခြေသလုံးကတောင့်၊ ကိုငှက်ရိုးမှာ စိတ်ချဉ်ပေါက်လာသဖြင့် . . .

"တူပြိုင် ဂူလိုဏ်. . .စကားသံစွာတိုင်၊ သံသာလေ ကမ်းတိုင် တူပြိုင်ပြိုင်ကူးမယ်၊ ဆုထူးငယ် ပန်ရွယ်သွန်း . . .ဟွန်း ဟွန်းလုပ်ကြဟေ့၊ တန်းစီတဲ့လူတွေ နေပူလို့သေတော့မယ်"

တန်းမှာမရွှေ့တော့ပေ။ ဆယ်မိနစ်တွင် ရွှေ့နိုး၊ ဆယ့်ငါးမိနစ်တွင် ရွှေ့ယောင်စောင့်ပါသော်လည်း မောင်မင်းကြီးသားတန်းတော်က မရွှေ့၊ မရွှေ့ ကျောက်ချထားသလို ရပ်နေသည်။ ကိုငှက်ရိုးသည် တစ်ချီတစ်မောင်း ဟာစ်ပြန်လေ၏။

"ချစ်လို့ရယ်တဲ့ မကုန်၊ အို . . . ဘာတဲ့တုန်းဟ၊ ကြိုက်လို့ရယ်တဲ့ မကုန်၊ ဝသုန်ဥ္စမြေ. . . သိကြားစေ သက်သေညွှန်း ဟွန်း . . . ဟွန်း. . . ဟွန်းတယ့်နဲ့ဘူဒီး . . . ဘူဒီး× ဘူဒီး . . . တယ့်နဲ့ . . . တယ့်နဲ့ ဘူနယ်. . . လဗျောင်။ အမေရေ. . . အမေ့သား ငှက်ရိုး အရည်ပျော်တော့မယ်ဗျ"

တစ်နာရီနီးပါးကြာမှ ဘောင်းဘီကိုယ်တော် ထွက်သွား၏။ ကိုငှက်ရိုးက "ကြွတော်မူပါ အင်္ဂါဂြိုဟ်မင်း" ဟု မကြားတကြားပြောလိုက်သည်။ ညတွင် ကိုငှက်ရိုးဖျားပြန်လေ၏။ အဖျားမှာ အလွန်ပြင်းထန်သည်။ ငဖယ်ပျံသလို လူးလိမ့်နေရာမှ "ဂျိမ်းစ်ဘွန်းကွ၊ လမ်းသရဲကွ၊ စာရေးမနဲ့ စကားတစ်နာရီပြောကွ၊ ဒိုင်းယောင့် . . .ဒိုင်းယောင့်"ဟု ကယောင်ကတမ်းတွေအော်၏။
mgyoe.com

mgyoe.com

"ဩော် ကိုငှက်ရိုး၊ ကိုငှက်ရိုး၊ လူ့ပြည် လူလာဖြစ်ပြီး မိန်းမ မရဖူးဘဲနဲ့ သေရတော့မှာပါလား"

အိမ်နားပါးနီးများက ကွမ်းရွက်ပြုတ်ရည် တိုက်သူတိုက်၊ ဆေးနက်မှုန့် ခွံ့သူခွံ့၊ ရှမ်းထင်းရှူးမြစ် လိမ်းသူလိမ်း၊ တတ်သရွေ့ မှတ်သရွေ့ ဝိုင်းဝန်းပြုစုကြပါ၏။ သို့သော် ဘုရားရဟန္တာတို့ပင် လွန်ဆန်ခြင်းမပြုနိုင်သော သေခြင်းတရားအား အဘယ်မည်သော လူပျိုကြီးကိုငှက်ရိုးသည် လွန်ဆန်နိုင်ပါအံ့နည်း။ အမောဆိုက်၍ မျက်ဖြူလန်ကာ ဇောသုံးတန် ပြန်လျက်ရှိချေပြီ။

(၄)

"သင်ယခုရပ်နေသော နေရာသည် မဟာအဝိစိဖြစ်သည်။ သိဥ္စူးသို့ ရှစ်မိုင်။ ကာလသုတ်သို့ ဆယ့်တစ်မိုင်။ ရောရုဝသို့ မိုင်နှစ်ဆယ်"

ကိုငှက်ရိုးသည် ဆိုင်းဘုတ်ကြီးကို ဖြတ်ကျော်လာခဲ့ရာ စားပွဲတစ်လုံးဖြင့်ထိုင်နေသော ငရဲသား၏ ရှေ့မှောက်သို့ရောက်ခဲ့လေ၏။ ငရဲသားသည် ကိုငှက်ရိုးကို ခြေဆုံးဆံဖျားကြည့်၍ အမည်၊ အသက်၊ နေရပ်လိပ်စာတို့ကို မေး၏။ ထို့နောက် တုံကင်ပြားတစ်ပြားရေးပေးကာ "ဟိုမှာသွားတန်းစီ" ဟု လူတန်းရှည်ကြီးဘက် မေးငေါ့ပြလိုက်သည်။

"တွေ့ပြန်ပဟ. . .ရွှေစွန်ညို"

ကိုငှက်ရိုးသည် လူတန်းရှည်ကြီး၏ နောက်ဆုံးမှ ဝင်ရပ်လိုက်သည်။ တုံကင်ပြားကို ဖတ်ကြည့်သောအခါ . . .

အမှတ်စဉ် . . . သုံးရာ့နှစ်ဆယ့်ကိုး။

အမည်. . . ကိုငှက်ရိုး။

အသက် . . . သုံးဆယ်။

နေရပ်. . . လူ့ပြည် တောင်ဥက္ကလာပ . . . ဟု တွေ့ရလေ၏။

လက်ျာဘက်တွင် ဆီပွက်ပွက်ဆူနေသော ဒယ်အိုးတန်းကြီးရှိ၏။ ဒယ်အိုးတစ်လုံးလျှင် လူတစ်ယောက်ကျ အကြော်ခံနေရသည်။ လဟာပြင်ဈေးခေါက်ဆွဲဆိုင်များတွင် တွေ့ရလေ့ရှိသော လေမီးဖိုအကြီးစားအမျိုးဖြင့် ဒယ်အိုးများကို အပူပေးနေ၏။ (ဝါသုဒေဝ) ဟု ရင်ဘတ်မှာ စာတန်းချိတ်ထားသော ငရဲသားဝဝကြီးသည် တင်းပုတ်ထမ်းကာ ဟိုမှသည် လျှောက်

mgyoe.com

m g


လျက်ရှိသည်။

တန်းမှာ မသိမသာ မသိမသာ ရွေ့သွားသဖြင့် ကိုငှက်ရိုး တဖြည်းဖြည်းရှေ့ရောက်လာ၏။ ထိုစဉ် . . .

"ဟေ့ငှက်ရိုး၊ ဟေ့ငှက်ရိုး"

ဒယ်အိုးတန်းဘက်မှ ခေါ်သံပေါ်လာသည်။ ကိုငှက်ရိုးလှမ်းကြည့်လိုက်သောအခါ ဟုတ်မှ ဟုတ်ပါ့မလားဟု မျက်စိများကိုပင် သံသယဖြစ်မိလေ၏။ မနှစ်ကသေဆုံးခဲ့သော ကော်မတီ ဦးဖျော့ကြီးသည် ဒယ်အိုးတစ်လုံးထဲတွင် မြုပ်ချည်ပေါ်ချည်ဖြစ်နေလေသည်။

"အို . . .ဦးဖျော့ကြီး၊ ခင်ဗျား ဘယ်လိုဖြစ်တာလဲ"

အတော်ဝေးဝေးရောက်နေသော ဝါသုဒေဝကို လှမ်းကြည့်ကာ ကိုငှက်ရိုးက မေး၏။

"အဖြစ်ကတော့ မနှစ်ကနဲ့မတူဘူး ငှက်ရိုးရေ၊ ထူးခြားတာကတော့ ခင်ဗျားတို့ မြင်တဲ့အတိုင်းဆိုသလိုပါပဲကွာ။ ဒါထက် မယ်ဆုံနဲ့ ဇီးကွက်တို့နေကောင်းကြရဲ့လား။ မယ်ဆုံနောက်အိမ်ထောင်ပြုပြီလား။ ဇီးကွက်ခုနစ်တန်းအောင်ရဲ့လား။ ခွဲတန်းချပြီးယူထားတဲ့ ဆန်ညိုရေဒီယိုလေးရှိသေးရဲ့လား"

ဦးဖျော့ကြီးသည် ဒယ်နှုတ်ခမ်းကိုကိုင်ကာ ခြေနှစ်ချောင်းကို ယက်ကန်ယက်ကန်လုပ်ထားရင်းမှ မေး၏။

"ကျန်းကျန်းမာမာပါပဲ၊ အရီးမမယ်ဆုံနောက်အိမ်ထောင်မပြုပါဘူး။ ဇီးကွက်လည်း ခုနစ်တန်းအောင်တယ်။ ရေဒီယိုတော့ ဖွင့်သံမကြားတာ သုံးလေးလရှိပြီ"

ဦးဖျော့ကြီးသည် သက်ပြင်းချ၏။

"အေးကွာ ရောင်းများစားလိုက်ကြပလား မသိဘူး။ နေဦးဟေ့၊ ဟိုကောင်ကြီး ပြန်လှည့်လာပြန်ပြီ"

ဒယ်နှုတ်ခမ်းကို လက်လွှတ်ကာ ဆီထဲတွင် မြုပ်ချည် ပေါ်ချည် ပြန်လုပ်နေ၏။ ဝါသုဒေဝလည်း အနားသို့ရောက်လာပြီးမှ ရှေ့ဘက်သို့ တစ်ဖန်ပြန်ထွက်သွားလေ၏။

"သွားပြီလားကွ"

ဦးဖျော့ကြီးသည် ခေါင်းကလေး ပေါ်လာကာ အသံတိုးတိုးဖြင့်

mgyobe.com

mgyoe.com
မေး၏။

"ဟိုဘက်ရောက်သွားပြန်ပြီ"

ရှေ့နည်းနည်းရွှေ့လိုက်ရင်း ကိုငှက်ရိုးကဖြေသည်။

"သူကိုင်တဲ့ တင်းပုတ်က (ငထုကြီး)တဲ့၊ အားကြီး ထုတယ်။ ငါတော့ တံဆိပ်တုံး ဝင်ရှုတွေလည်တာပဲ။ ထောက်ခံစာလာတောင်းတဲ့ လူတွေရှေ့မှာ ကော်မတီတံဆိပ်တုံးကို ဟန်နဲ့ပန်နဲ့ ထုခဲ့တယ်မဟုတ်လား၊ အခု အဲဒီ ဝင်ရှုလည်ပြီး ငါပြန်အထုခံနေရတယ်။ တို့လမ်းထဲက တစ်ခုလပ်မလေး လင် ရသွားပြီလား။ ဖောင်တောင့်တောင့်ကွာ။ ဟာ လာပြန်ပြီဟေ့ ငုပ်လိုက်ဦးမှ"

ဦးဗျော့ကြီးသည် ဆီထဲသို့စုပ်ခနဲ ငုပ်ဆင်းသွား၏။ သို့သော် ဝါသုဒေဝမှာ နားစွန်နားဖျားကြားသွားဟန်တူသည်။ ဦးဗျော့ကြီး တစ်ချီပြန် ပေါ်အလာတွင်

"ဘာ ဖောင်တောင့်တောင့်လဲ။ ငါကြားလိုက်တယ်"

မေးမေးထုထု ငထုကြီးဖြင့်ထုလိုက်ရာ ဦးဗျော့ကြီးမှာ ပလုံခနဲမြည်ကာ ခြေကားယား လက်ကားယား ပြန်မြုပ်သွားလေ၏။ ဝါသုဒေဝလည်း ဒယ်အိုးများကို ကြီးကြပ်ရန် ရှေ့ဘက်သို့တစ်ဖန် ပြန်ထွက်သွားပြန်လေ၏။

တစ်အောင့်အကြာတွင် တန်းစီသူများ ဖရိုဖရဲဖြစ်ကာ တန်းပျက်သွားလေသည်။

"ဘာလဲ ဘာလဲ ဘာဖြစ်လို့လဲ"

ကိုငှက်ရိုးစုံစမ်းကြည့်သောအခါ ယမမင်းအလုပ်များနေ၍ လူအကုန် လက်မခံနိုင်။ သုံးရာ့နှစ်ဆယ့် ကိုးယောက်အနက် နှစ်ရာသာလက်ခံမည်။ တစ်ရာ့နှစ်ဆယ့်ကိုးယောက် ပြန်နိုင်ပြီဟု ကြားသိရသည်။

"ဦးဗျော့ကြီးရေ ပြန်ရမတဲ့။ မှာစရာရှိမှာလိုက်"

ကိုငှက်ရိုးက လှမ်းအသံပြု၏။ ဦးဗျော့ကြီးသည် ငယ်ထိပ်ပွတ်ကာ ဆီပူကြားမှ ဘွားခနဲ ပေါ်လာ၏။ ဒယ်နှုတ်ခမ်းကိုင်၊ ခြေနှစ်ချောင်းကို ယက် ကန်ယက်ကန်လုပ်ထားရင်း. . .

"အထူးမှာစရာတော့မရှိပါဘူးကွာ၊ တွေ့ခဲ့တယ်ဆိုတဲ့အကြောင်းသာ ပြောလိုက်ပါ။ မယ်ဆုံတို့သားအမိစားဖို့ ဆီသုံးပိဿာလောက် ပေးလိုက်ချင်သား။ ဒါပေမဲ့ လူ့ပြည်မှာလို ခိုးလို့ဝှက်လို့ မလွယ်ဘူးကွ ဟော ဟော"

ဦးဗျော့ကြီးသည် "ဟော ဟော" ဟုအော်ရင်း ပါးစပ်ဟောင်းလောင်း

mgyoe.com

mgyoe.com
ပွင့်သွား၏။ ဝါသုဒေဝမှာ အနားတွင်မားမားကြီးရောက်နေလေသည်။

"ဖျော့ကြီးဆိုတဲ့အကောင်ဟာ ဒယ်အိုးထဲရောက်နေတာတောင် အကျင့်ဟောင်းတွေ မပျောက်ချင်သေးဘဲကိုး။ မင်းတော့ နာနာလေး ပညာပေးမှ"

ငထုကြီးဖြင့် လှမ်းထုလိုက်၏။ ဦးဖျော့ကြီးမှာ ငှက်ရိုးကို လက်တစ်ဖက်မြှောက်ပြနူတ်ဆက်ရင်း အောက်သို့ တဖြည်းဖြည်းမြုပ်သွားလေ၏။ ကိုငှက်ရိုးလည်း ထိုနေရာမှ လှည့်ထွက်လာခဲ့လေ၏။

(၅)

ကိုငှက်ရိုးသတိပြန်လည်လာသောအခါ အိမ်နားနီးချင်းများမှာ များစွာဝမ်းသာသွားကြသည်။ ကွမ်းရွက်ပြုတ်ရေတိုက်သူက "သူ့ဆေးကယ်တာ" ဟုပြော၏။ ဆေးနက်မှုန့်ခွံ့သူက "ဘယ်ဟုတ်ရမှာလဲ၊ ငါ့ဆေးကယ်တာ" ဟုငြင်းသည်။ ရှမ်းထင်းရှူးမြစ်လိမ်းပေးသူကလည်း အားကျမခံ "အမှန်တော့ ကိုငှက်ရိုးကို ကယ်တာ ကျုပ်ဆေးမြစ်ဗျ" ဟုအကြောက်အကန်ဆို၏။

ကာယကံရှင် ကိုငှက်ရိုးကမူ အသံကလေး ညောင်ညက်ညက်ဖြင့် ကောက်ချက်ချလေသည်။

"ရွှေစွန်ညိုကြယ်ပေလို့ပေါ့"

မြဝတီမဂ္ဂဇင်း၊ အတွဲ–၁၇၊ အမှတ် ၁၀၊ ၁၉၆၉ ခုနှစ်၊ ဩဂုတ်လ။

❐

mgyoe.com

mgyoe.com

# တစ်အိမ်လုံးပါ့ အုန်းကျွက်ဆူကာ

ဇင်အောင်

(၁)

မိန်းမ၏ရွှေမျက်နှာကို ဖွေကြည့်သည့်အခါ အခြေအနေမလှ တော့ပေတောင်းဟု မောင်မြေဇာက ရေရေလည်လည်ကြီး ရိပ်မိသိရှိပါချေ၏။

ကြည့်. . .ငါးပိရည်ခွက်သည် ထည့်လိုက်တိုင်း တက်တက်ပြောင်လေ သတည်း။ ဟင်းရွက်ပြုတ်သည် မြက်ခင်းနုနုပေါ်ကို နွားအုပ်ဆင်းသလို ဖြုတ်ခနဲ ဖြုတ်ခနဲ ကုန်ခန်းသွားသတည်း။ အဖုံးကိုတစ်ဖွင့်တည်း ဖွင့်ထားရ သော ထမင်းအိုးသည် ရှဲရှဲရှပ်ရှပ်မြည်လေသတည်း။

မောင်မြေဇာ၏ဇနီးချောသည် ထမင်းအိုးကို တစ်ချက်ငုံ့ကြည့်ရာက တစ်ဆက်တည်း မောင်မြေဇာအား လှမ်းကြည့်သောအကြည့်၌ အဓိပ္ပာယ် အများကြီးပါ၏။ "ထမင်းယူဦးလေ၊ ကုန်တော့မယ်"ဟုပြောသလိုလည်းဖြစ် ၏။ အနှာနှင့်တစ်ပြိုင်နက် ကလေးတွေ၏ လက်နှင့်ပါးစပ်ကို အကဲခတ်

mgyoe.com

mg
လိုက်သောအခါ ဒင်းတို့၏လက်များသည် ထမင်းခွံ့တာ မနေ့းသေး။ နှုတ်သီးတွေက မလေးသေး။ ခွံ့၍ဝါး၍ အရှိန်ရဆဲ။ မျို၍ ဆို့၍ကောင်း ဆဲသာရှိပါသေးကလား။

အကြင်သမယကောင်းတွင် ထမင်းကုန်သွားပါမူ အကြီးကောင် နံပါတ်ဝမ်းက ဆူတော့မည်။ "အမေတို့ဟာက ထမင်းစားမယ်မှ မကြံသေးဘူး ကုန်ပြီလားဗျ။ သူများလို မုန့်ပဲသရေစာဝေးလို့ ထမင်းတောင်ဝအောင် မစားရဘူး"

နံပါတ်တူး ပုဂ္ဂိုလ်ကမူ "ဖေဖေ့ဟာက ဘယ်လိုလဲဗျ။ ကျွန်တော်တို့ကို မွေးတုန်းကမွေးထားပြီး အခုတော့ လုပ်ကိုင်မကျွေးနိုင်တော့ဘူးလား" ဟုမေးမည်မှာ မုချ။ ဒီကောင်သည် အလံနီသေပြီး ဝင်စားသလားမသိ။ တစ်ဖက်သားဆတ်ဆတ်ခါနာစေသော စကားလုံး ကျစ်ကျစ်ကိုသုံးစွဲတတ်၏။

နံပါတ်သရီးပုဂ္ဂိုလ်ကမူ ထမင်းမဝလျှင် လက်ကိုမုန့်အမှတ်ဖြင့် စုပ်မည်၊ ဝါးမည်။ တစ်နေ့က ထမင်းဆာဆာနှင့် ကိုယ့်ပုဆိုးကိုယ်ဝါးတာ တစ်ထည်လုံး စုတ်ပွာကုန်ပါရောလား။

နံပါတ် ဖိုးပုဂ္ဂိုလ်ကတော့ အသက် ခုနစ်နှစ်ရှိပြီ။ "ထမင်းမှ ဝအောင် မစားရတာ၊ မေမေ့နို့ကိုစို့မယ်" ဟုလောင်ချော်တော့မည်။

နံပါတ်ဖိုက် သတ္တဝါကား မိန်းကလေးတည်း။ ထမင်းမဝလျှင် အော်ပြီးငိုမည်။ သူ့အထက်ကကောင် နို့စို့တာမြင်လျှင် နို့လုပွဲကျင်းပမည်။ နို့လုပွဲကို မအေလုပ်သူက လက်ဝါးကြီးဖြင့် ရပ်စဲစေသောအခါ အဝိစိပွက်သလို ငိုကြတော့မည်။

"အမယ်လေးဒုက္ခပါပဲနော်"

မောင်မြေဇာသည် နားကို ယောင်ယမ်းပြီးပိတ်လိုက်ရာ အေးခနဲ ဟင်းထမင်းတွေ ပေကုန်တော့မှ မိမိအတွေးကြီးသွားကြောင်း သတိရ၏။

"ဘာလဲ ဗိုက်ထဲကနာပြန်ပြီလား"

သူရှုံ့မဲ့တာကို မြင်သဖြင့် ဇနီးချောက ကရုဏာသံဖြင့်မေး၏။

"မဟုတ်ပါဘူးကွာ၊ ဟို . . ."

မောင်မြေဇာသည် ပြောချင်တာကိုမပြောရဲ။ ပြောလျှင် ကလေးတွေက တောင်ပြောမြောက်ပြော ပြောမည်။ ကလေးတို့၏အမေ စိတ်ညစ်မည်။

အမှန်က မောင်မြေဇာ ထမင်းစား၍မရ။ ကလေးတွေက ဟောခနဲ
mgbe.com

mgyoe.com
ဟောခနဲ ဝါးနိုင်သလောက် သူက ယခုထက်ထိ တစ်ပန်းကန်မကုန်သေး။ ထမင်းစား၍မရသည်မှာ ဗိုက်နာနေသောကြောင့်ဖြစ်၏။ ဗိုက်နာရခြင်းမှာ ပေါပေါရသည့် ငရုတ်သီးမှုန့်နှင့်ဖျော်သော ငါးပိရည်ကိုသာ ဆက်ကာ ဆက်ကာ စားရသောကြောင့်ဖြစ်၏။

"ဒီငါးပိတောင် ကျုပ်ဖွတ်ဝယ်ထားလိုက်လို့ စားရတာမဟုတ်လား၊ နို့မဟုတ်ရင် ဆားနဲ့ပဲစားရမှာ"

သူ့ဇနီး ဂုဏ်ယူဝင့်ဝါသော စကားဖြစ်၏။ မှန်လည်းမှန်ပါသည်။ ယခုကဲ့သို့ အကြပ်ကြီး ကြုံနေချိန်တွင် ဒီငါးပိသာမရှိလျှင် ဟင်းမပါသော ထမင်းကို မျိုကြရမည်မှာ မုချ။

ဤအခါဝယ် မောင်မြေဇာသည် အတိတ်၏ယမကာများကို ပြေး၍ ပြေး၍မြင်၏။ ဝင်ငွေအဆင်ပြေချိန်တွင် ကလပ်တကာ၌ မောင်မြေဇာတို့၊ အရက်ဆိုင်မှန်သမျှ မောင်မြေဇာတို့ချည်း။ တစ်ဆယ်တန် စားစရာဆိုလည်း ပေးစမ်း၊ ခြောက်ဆယ်ကျတယ်ဆိုလည်း မတွန့်ဆုတ်။

ယခု ဒီပိုက်ဆံတွေကို တွေးတွေးပြီး နမြော၏။ "ငါ့မိန်းမ သုံးပုံမျိုးနဲ့ဆိုရင် ငါသောက်တဲ့ အရက်တစ်ခွက်ရဲ့ ကုန်ကျစရိတ်ဟာ ငါ့အိမ်အတွက် တစ်နေ့သုံးပဲ" ဟူ၍တွက်၏။ ကိုယ့်ရင်ဘတ်ကို လုံ့စွပ်ဖျားနှင့် ပြေးဆောင့်ချင်လာ၏။

"ဟဲ့ကောင်လေး ထမင်းကို ညက်အောင်ဝါးစားစမ်း၊ ဘယ့်နှယ် နောက်ကလူလိုက်သလို အတင်းမျိုချနေတာပဲ"

မောင်မြေဇာ၏ဇနီးက ထမင်းအိုးပြောင်လက်မည့် အန္တရာယ်ကို ပါးနပ်စွာ ကာကွယ်၏။

"မေမေက ကျွန်တော့်ကိုပဲ ပြောနေတာပဲ။ သူတို့ကိုတော့ မပြောဘူး။ သူတို့က အမြန်စားတုန်းမှာ ကျွန်တော်က နှေးနှေးစားနေရင် ဘယ်မှာ ထမင်း ဝပါတော့မလဲ"

"ကြည့်စမ်း တစ်ကိုယ်ကောင်းဆန်လိုက်တာ၊ နင်က နင့်ထက်အငယ် တွေကို ညှာရမယ်ဟဲ့။ အခုတော့ သူတို့စားမှာစိုးလို့ နောက်တစ်ပန်းကန် မြန်မြန်ကုန်အောင် မျိုချရသတဲ့"

အမျိုးသမီးက ခေါင်းကိုခေါက်မည် ရွယ်၏။ ရှိသမျှကလေးငါး ယောက်တွင် သည်တစ်ကောင်ကိုသာ သူနိုင်၏။ နံပါတ်ဝမ်းက ခေါင်းကို
mgyoe.com

mgyoe.com

လက်ဖြင့်အုပ်ထားရင်း ငိုသံဖြင့်ပြော၏။

"သူတို့ကို အမြဲညှာနေရတာပဲ မေမေရဲ့၊ တစ်ခါတလေ မညှာတာကို ပြောရသလား။ မေမေကကော ထမင်းလောက်အောင် ဘယ်တုန်းကချက်သလဲ ၊အမြဲတမ်းသာညှာနေရရင် အာဟာရပြတ်ပြီး သေတော့မှာပဲ"

"အမယ် အမယ်ကြီးကျယ်လိုက်တာ၊ ကိုမြေဇာ၊ ရှင့်သားကို ကြည့်ပြောနော်၊ ကျွန်မလုပ်ရင်သေလိမ့်မယ်"

သားကြီးပြောတာက မှန်နေတော့ အမျိုးသမီးသည် ခင်ပွန်းသည်အား လှမ်းတိုင်၏။

"သူပြောတာကလည်း ဟုတ်တာကိုးကွ။ ကဲကဲ စားကြ၊ မရှိအတူ ရှိအတူ မိသားစုမှုပေါ့ကွာ။ ဟင်းရွက်ပြုတ်လည်းထည့်ကွာ၊ ငါလည်းတော်ပါပြီ"

ဗိုက်နာလာသဖြင့် မောင်မြေဇာထသည်တွင် သူထမင်းပန်းကန်ကို ကလေးတွေ ဝိုင်းလုကြရာ အငယ်ဆုံးကောင်မရသွား၏။

"ဟင်းရွက်ကလည်း အိမ်ဘေးက အလကားရပေလို့သာပေါ့။ ဝယ်များဝယ်ရရင် အတို့ဖိုးနဲ့ပဲ မွဲတယ်။ အေးအေးနင်တို့ကတော့ မျိုကြ၊ နင်တို့အဖေမှာတော့ ဝမ်းသွားနေရတဲ့အထဲ ထမင်းက မစားနိုင်သေးဘူး"

"မေမေက ငါးပိရည်နဲ့ပဲ နေ့တိုင်းကျွေးတာကိုးဗျ။ ကြက်သားကလေး ဘာလေး ချက်ပါတော့လား" နို့ညှာကောင်က သူစားချင်တာကို ဆွယ်၏။

"ကြက်သားဝေးလို့သားရယ်၊ ထမင်းတောင် နက်ဖြန်အတွက် မရှိမှာစိုးလို့ လျှော့လျှော့ချက်နေရတာ မသိဘူးလားကွယ်"

"ဦးမြေဇာရှိပါသလားခင်ဗျာ"

အိမ်ရှေ့မှ အသံဖြစ်၏။ အနှီအသံမျိုးဆိုလျှင် ကြွေးရှင်သော်လည်းကောင်း၊ စာမူအလကား တောင်းလိုသူသော်လည်းကောင်း၊ လမ်းထဲက ရပ်ရေးရွာရေး ရန်ပုံငွေကောက်သူသော်လည်းကောင်း၊ မင်္ဂလာဆောင်ဖိတ်စာပေးသူသော်လည်းကောင်း ဖြစ်နိုင်သည့်အတွက် ကလေးတွေက မကြားယောင်ဆောင်နေကြ၏။ ခေါင်းငုံ့နေကြ၏။

"ဦးမြေဇာရှိပါသလားခင်ဗျာ"

"ရှိပါတယ် ရှိပါတယ်။ လာပါပြီဗျာ"

မောင်မြေဇာသည် ညှောင်နာနာအသံကလေးဖြင့် အိမ်သာမှ ဆင်းလာ

mgyoe.com

mgyoe.com
ကာ အိမ်ရှေ့သို့ထွက်လာ၏။

"အလုပ်သမားနေ့ ထမင်းစားပွဲဖိတ်စာပါခင်ဗျာ။ လက်မှတ်ထိုးပြီး ယူရပါမယ်"

စာပို့ဌာနမှ စာပို့သမားမဟုတ်၊ ရုံးတစ်ရုံးမှ ရုံးလုလင်ဖြစ်ဟန်ရှိ၏။ စာပို့စာယူစာအုပ်ကို ထိုးပေး၏။

မောင်မြဲဇာမှာ ၎င်းဖိတ်စာကို လက်ဝယ်ရရှိသောအခါ စိတ်ဆင်းရဲခြင်း ပျောက်စင်သွား၏။ ငါးပိရည်ချည်းစားနေရသဖြင့် ဝမ်းလျှောသော ကိုယ်ဆင်းရဲခြင်းတစ်ဝက် သက်သာသွားသည်ထင်၏။

"ဘယ်ပတ်ဗလစ်ရှာကမှ ငါ့ကို လူရာမသွင်းပေမဲ့ အစိုးရက ငါ့ကို စာရေးဆရာ အရာ အသွင်းသားပဲ"

ဟုတ်ကဲ့။ သူက အလုပ်သမားဝတ္ထုတွေ ရေးသူဖြစ်၏။ မဆလာ သယ်သော အလုပ်သမားအကြောင်းမှသည် ချည်မှုန်ကြောင့် အဆုတ်နာ ဖြစ်၍ သေသော အလုပ်သမားအကြောင်းထိရေး၏။ တစ်ခါလာလည်း မွဲ၊ တစ်ခါလာလည်းတော်တော့ သူ့စာတွေသည် ရွှံ့စရာကောင်း၏။ စာ ကိုအပျင်းပြေဖတ်သော မောင်မြဲဇာတို့နိုင်ငံ၌ သူ၏လုံးချင်းဝတ္ထုများ မစွံ ချေ။ မှတ်မှတ်ရရ သုံးအုပ်ထုတ်ဖူးရာ တစ်အုပ်လျှင် ၂၅၀ သာကုန်၏။

လုံးချင်းတစ်အုပ်ကို သူများတစ်တွေမှာ မကုန်ပါဘူးဆိုလျှင် နှစ် ထောင်တော့ကုန်ချိန်တွင် သုံးရာသာကုန်သော မောင်မြဲဇာအား ပတ်ဗလစ် ရှာတို့ ရှောင်ကုန်၏။ မောင်မြဲဇာဟော့ဆိုလျှင် ပတ်ဗလစ်ရှာတွေ ပြေး တော့၏။ မပြေးဘဲ နေပါမည်လား၊ မောင်မြဲဇာနှင့်တွေ့လျှင် လုံးချင်း စာမူကြီးထိုးပေးမည်။ အချိုသတ်၍ ငြင်းလျှင် စာမူကိုတစ်ရာတည်းပေးပါဟု ပြောမည်။ လုံးလုံးငြင်းလျှင် ပိုက်ဆံချေးမည်။ ယင်းသမို့ကြောင့် ပတ်ဗလစ် ရှာတွေပြေး၏။

မဂ္ဂဇင်းတွေကို ကြည့်ဦးမည်လား။ မောင်မြဲဇာဟုကြားလျှင် အယ်ဒီ တာစိတ်ဆင်းရဲတော့၏။ သူ့စာမူကို တကျည်ကျည်အဖတ်ခိုင်း၏။ စာမူခ အတင်းတောင်း၏။ စာမူခ မရနိုင်သေးလျှင် အယ်ဒီတာထံ ပိုက်ဆံချေး၏။ မရလျှင် ပရုဖတ်သူထံမှ ချေး၏။ မရလျှင် စာစီသမား၊ စက်ရိုက်သမားထံမှ ချေး၏။

အလုပ်သမားခေတ် ဘာညာနှင့် အော်နေကြ၍သာ မောင်မြဲဇာ၏
mgyoe.com

mgyoe.com


အလုပ်သမားဝတ္ထုကို မဂ္ဂဇင်းမှာသုံးရသော်လည်း ပန်းချီကအစ ကျက်သရေမဲ့၏။ သူ့ဝတ္ထုအတွက် အပ်စရာပန်းချီဆရာကလည်း အောင်စိုးနှင့် ဦးစန်းလွင်သာရှိ၏။ အောင်စိုးကို အပ်လိုက်ပြီဆိုလျှင် အရိုးပြိုင်းပြိုင်း၊ မျက်တွင်းတစ်နိုက်၊ ဗိုက်ဟောက်ပက်နှင့်ပုံကလွဲ၍မဆွဲ။ ဦးစန်းလွင်ကို အပ်လိုက်ပါက မြိုင်ဆိုင်ဝေဆာပါ၏။ သို့သော်လည်း စေ့စေ့ကြည့်လေလေ မောစရာကောင်းလေလေ။

ပန်းချီအပ်ရေးကအစ စာပေလောကကြီးကို ကျက်သရေပွဲ့စေသော မောင်မြေဇာသည် ငွေနည်းဖြင့် လုံးပါးပါးခဲ့၏။ မယားဘက်မှပါသော ရွှေငွေအဝတ်အစားကုန်ပြီးနောက် လေးပင်အိမ်ကိုရောင်း၍ တဲပုတ်နှင့်နေရသည်အထိ တိုးတက်လာ၏။ သို့သော်လည်းပေါ့လေ၊ အေးလေ. . . . ယနေ့တော့ သူ့ကိုအစိုးရကပင် လူစာရင်းသွင်းပေပြီ။

မောင်မြေဇာသည် "ပွတာပဲကွ၊ ဟေးဟေးဟေး ပွတာပဲကွ" ဟု အော်လျက် ကလေးတွေ၏ထမင်းဝိုင်းသို့ ပြေးလေ၏။

"ဘာလဲ ထီပေါက်တဲ့သံကြိုးစာလား"

"ထီမှ မထိုးတဲ့ဟာကွာ မင်းကလည်း"

သူသည်ပြုံး၍ မယားအားမာန်လိုက်ပြီး "ဟား ဟား ဟား မောင်မြေဇာတဲ့ဟေ့ ဟေး ဟေး" ဟုအော်ပြန်၏။

"ဖေဖေ့ အဖေ၊ ကျွန်တော်တို့ ဘိုးဘိုးသေလို့လားဟင် ဖေဖေ"

"ဟဲ့ကောင်လေး" ဟုဆိုကာ အမျိုးသမီးက နံပါတ်တူး၏ခေါင်းကို ခေါက်ရန်ရွယ်၏။

"ဒါပဲတွေးစရာရှိတာပဲ မေမေရဲ့။ ဘိုးဘိုးသေရင် နွားရယ်၊ လှည်းရယ်၊ ဥယျာဉ်ရယ် အမွေရမယ်လို့ ဖေဖေပဲပြောနေတာ"

မောင်မြေဇာသည် နံပါတ်တူးအား မျက်လုံးပြူးကြည့်နေရာက တဖြည်းဖြည်းပြုံးလာ၏။ "မဟုတ်ဘူးကွ၊ အစိုးရက ထမင်းစားဖိတ်တာ ဟားဟားဟား"

"သားသားလည်းလိုက်မယ်နော်"

"မီးမီးလည်းလိုက်မယ်နော်"

"ကျွန်တော့်ကိုလည်း ခေါ်နော်"

ယင်းသမယဝယ် မောင်မြေဇာသည် ဖိတ်စာကိုဖြန့်ကြည့်ပြန်၏။

mgyoe.com

mgyoe.com

“လူပိုခေါ်လို့ မရဘူးကွ”

“ဟင် ဘာလုပ်ဖို့လဲ ဒီဖိတ်စာ”

အငယ်ဆုံးကောင်မက ဖိတ်စာကိုလွှင့်ပစ်ရာ မောင်မြေဇာသည် ချစ်ဦးသူ၏ ရှေးဦးပြန်စာကိုမြတ်နိုးသလို အပြေးအလွှားဖမ်းယူ၏။

“အိုကွာ မင်းတို့မလိုက်ရပေမဲ့ ဖေဖေလေ မင်းတို့ဖို့ ပလတ်စတစ်အိတ်ကြီးနဲ့ ထည့်ခဲ့မယ်”

“ယူလို့ ဘယ်ရမလဲရှင့်။ ကတ်သီးကတ်သတ်တွေးပြီး ပြောမနေစမ်းပါနဲ့”

“ဟား . . . ရတာပေါ့ကွ။ ထမင်းစားပွဲတက်ဖူးတဲ့ လူတွေပြောတာကတော့ ကုလားအစာ၊ တရုတ်အစာ၊ ဗမာအစာ၊ အင်္ဂလိပ်အစာ၊ ချစ်တီးအစာ၊ ပန်းသေးအစာ၊ မူဆလင်အစာ၊ ဟင်ဒီအစာတွေကို ဆိုင်ခင်းသလို ခင်းထားတာ။ ကြိုက်သလိုထည့် ကြိုက်သလောက်ယူပြီး ကြိုက်တဲ့နေရာကို သွားစားရတာတဲ့။ လူတစ်ယောက်ဟာ ဘယ်နှစ်ခါစားစား ဘယ်သူကမှ စောင့်ကြည့်နေတာမဟုတ်ဘူးတဲ့။ ပြီးတော့”

“တော်ပါတော့ရှင်၊ တယ် ဒီကလေးတွေဟာ သေတော့မှာပဲဟယ်”

အမျိုးသမီးသည် ဝမ်းနည်းသံဖြင့် ငေါက်၏။ မောင်မြေဇာက တအံ့တသြကြည့်မိ၏။

ကလေးတွေသည် မောင်မြေဇာအား မော့ကြည့်ကာ သွားရည်တွေတန်းနေအောင် ကျလျက်ရှိကြပေသည်တကား။ အမျိုးသမီးသည် ကလေးတွေကိုကြည့်ကာ ဝမ်းနည်းနေခြင်းဖြစ်ပေသည်တကား။

(၂)

“နက်ဖြန်ကျရင် တို့ဖေဖေက အလုပ်သမားနေ့ ထမင်းစားပွဲကြီးကို သွားမှာကွ။ ဟင်း”

နို့ညှာကောင်သည် လမ်းထဲထွက်ထွက်ပြီး ခါးထောက်ကာ မေးထိုးကာ ကြွားလေ၏။ ၎င်းအကောင်၏အကြွားသည် ဤမျှနှင့်ရပ်တန့်ထားပါမူ ကောင်း၏။

အခြားကလေးတွေကလည်း “ဟုတ်လား၊ တို့အဖေက ကုန်သည်ဆိုတော့ ဘယ်ဖိတ်မလဲကွာ” စသဖြင့် မြည်တမ်းညည်းညူကြသဖြင့်

mgyoe.com

mgyee.com

မောင်မြေဇာ၏သိက္ခာသည် လမ်းထဲ၌တက်လာ၏။

"ဟဲ့ . . .ဟုတ်လား" ဟုဆိုသူက ဆို "စာရေးဆရာကိုးဟဲ့ ဖိတ်မှာပေါ့" ဟု ပြောသူကပြောမို့ ပို၍ပို၍ ဒီကနစ်တီတက်လာပါသေး၏။ သို့သော်လည်းပေါ့လေ၊ အေးလေ နို့ညှာကောင်၏ဝင့်ဝါခြင်းတွင် အငယ်ကောင်မက ဝင်၍ကြွားလိုက်ပြန်သည်မှာ . . .

"တို့ဖေဖေက ထမင်းစားပွဲက အပြန်မှာ အစားအစာမျိုးစုံကို ပလတ်စတစ်အိတ်နဲ့ ထည့်လာမယ်တဲ့။ တို့မေမေလေ အခုပလတ်စတစ်အိတ်ချုပ်နေတာ အကြီးကြီးပဲ"ဟူ၍ဖြစ်၏။

နို့ညှာ၊ နို့စို့တို့ လမ်းပေါ်ထွက်၍ ဖအေ့အရှက်ကို ပယ်ပယ်နယ်နယ်ကြီးခွဲနေကြသည့်အဖြစ်ကို မောင်မြေဇာကတော့ မသိ။ ချစ်ဇနီးနှင့် ချွေးတလုံးလုံးဖြင့် ရတက်ပွေလျှားနေရှာ၏။

ဟုတ်ပါပေသည်။ ဖိတ်စာရောက်စတုန်းက သူသတိမထားမိသောအချက်ကြီး ၂ ချက်ရှိနေပါ၏။ ယင်းသည်တို့ကား ခေါင်းပေါင်းပေါင်းရမည်။ ရှပ်အင်္ကျီမှာ စတစ်ကော်လာ ပါရမည်ဟူသည်တို့ပါတည်း။

"လုပ်မနေပါနဲ့တော့ မရယ်၊ မသွားတော့ပါဘူး"

မောင်မြေဇာက စိတ်ပျက်စွာဖြင့်ပြော၏။ အဟောင်းကိုမွှေ့ပြီး စာအုပ်တွေပိုရိုက်ပြီးခါမှ သုံးကျပ်တန်တစ်အုပ်ကို သုံးဆယ်ပြားပေးသူပင်မရှိသော ပတ်ဗလစ်ရှာ၏အသံမျိုးနှင့် ညည်းခြင်း၊ ပြောခြင်းဖြစ်ပါ၏။

"ဘယ်မှာ မသွားလို့ဖြစ်ပါ့မလဲရှင့်၊ ရှင့်တစ်သက်မှာ ရှင့်ကိုလူစာရင်းထဲအသွင်းခံရတာ ဒီအကြိမ် ပထမဆုံးအကြိမ်မဟုတ်လား။ သွားကို သွားရမယ်၊ ဖြစ်အောင်သွားရမယ်"

မဒမ်မြေဇာသည် အနားပြာပေါ်ပလင် အင်္ကျီကို ကော်လာဖြုတ်နေရင်းက စိတ်အားထက်သန်စွာဖြင့်ပြော၏။

"မင်းကလည်း အာဂမိန်းမပါလား ဟင်။ ဒီလိုဆိုတော့လည်း ဘယ်ဆိုးလို့တုံး"

"ဘယ်တုန်းကဆိုးလို့လဲ။ ဟင်း ဓားနဲ့ခုတ်လိုက် . . ."

ယခင်တုန်းကတော့ ထင်းခွဲသောဓား၊ ကြက်သွန်းလှီးသောဓား၊ ယခုမူကံမြင့်၍ ကော်လာလှီးသောဓားကိုမြှောက်၍ မဒမ်မြေဇာကရွယ်၏။

"မင့်စေတနာနဲ့ သတ္တိကို ငါသိပါတယ် မရယ်။ ဒါပေမဲ့ စတစ်ကော်